

# နံ့သာပင်ရိပ်မှာ ချွေးသိပ်ဖြေတော့ကွယ်

ငြိမ်းကျော်

ပြန်လည်ရိုက်နှိပ်ခြင်း

mgyoe.com

# နှံ့သာပင်ရိပ်မှာ ချွေးသိပ်ခဲ့ဖူးတော့ကွယ်

## ငြိမ်းကျော်



သစ်ပင်တွေကြားမှ မြင်ရ၍ ဘွဲ့နှင်းသဘင် အဆောက်အဦသည် မျက်လုံးထဲ၌ မပီ။ မျက်လုံးမစွာ။ ငေးငေးစိုက်စိုက်ကြည့်နေသည်။ အိုမင်းသော အဆင်းဖြင့် တည်ငြိမ်စွာ ရှိသည်။ ပိတ်ထားသော သံတံခါးများကိုမြင်သည်။ ပျပျမှုံသော အလင်းအောက်တွင် ပတ်ဝန်းကျင်သည် အသံမဲ့စွာ ဖြတ်သန်းသွားလာသူမဲ့စွာရှိနေ၏။ ကြိမ်ဖန်များစွာ မြင်တွေ့နေကျ ထိုအဆောက်အဦသည် စိတ်နှလုံးကို ယနေ့ ယခုအခါလောက် ယူကျုံး ထားနိုင်ခြင်းမရှိခဲ့။

FIC0093

3,000.00 KS

နံ့သာပင်ရိပ်မှာချွေးသိပ်ပြေတော့ကွယ်၊ ငြိမ်းကျော်

မျက်နှာဖုံးပန်းချီ - ဇော်မောင်

စာမျက်နှာ ၂၅၃ မျက်နှာ၊ ၁၄ • ၅ စင်တီ× ၂၁ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၇၊ [redacted]၊ ဒုတိယအကြိမ်၊ အုပ်ရေ ၅၀၀၊ ငွန်လ
၁၉၈၀ သမိုင်းသစ်စာအုပ်တိုက်၏ ပထမအကြိမ်မူ။

ရောင်းဈေး ၃၀၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■■■■■■■■■■

# နှံ့သာပင်ရိပ်မှာ ချွေးသိပ်ဖြေတော့ကွယ်

## ငြိမ်းကျော်

ဒုတိယအကြိမ်၊ ၂၀၁၁

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

နံ့သာပင်ရိပ်ဝယ် ချွေးသိပ်ဖြေဦးမယ်

[ဦးစိန်ကတုံး၏ ပြိုင်ထမှ]

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# [ ၁ ]

ကောင်းကင်တွင် စွန်တွေ ဝဲကာပျံကာ လည်ကာ ကစားကာ ရှိလေသည်။ အနီရောင်၊ အဝါရောင်၊ အဖြူရောင်ကျား၊ နီဝါစပ်၊ လေးကွက်ကျား အရောင်စုံလှသည်။ ကလေးတွေ လွှတ်သော စွန်တို့၏ အမြီးရောင်စုံတို့သည် လေတွင် လွင့်လွင့်လူလူအမြီးနှင့် ကြိုးနှင့်ဆက်ကာ ပန်းပွားချိတ်သူ ချိတ်ထားသည်။ အချို့စွန်တို့မှာ အမြီးနှစ်မြွာသုံးမြွာ ခွဲထားသည်။ ကိုက်တစ်ထောင်ကျော်ရှိမည့် အမြင့်သို့ လွှင့်တင်ထားသော စွန်နီ တစ်ကောင်၏ အမြီးမှာ ရှည်လျားလှသည်။ အမြီး ပေတစ်ရာကျော် နှစ်ရာနီးနီးရှိပေ လိမ့်မည်။ စွန်မကစား၍ငြိမ်နေသည်။ လေပြင်းဝင်မှ ဘယ်ညာဆွဲရာ ယိမ်းတတ်သည်။ ရောက် ခါစ မုတ်သုန်လေသည် ခရီးမမှန် လမ်းမမှန်တတ်သေး၊ စွန်ကိုတိုးသောလေသည် အရွေ့အပြောင်း ဖြစ်နေသည်။ လေတံခွန်သည် မြောက်ဘက်ရောက်ချင်ရောက်သည်။ အရှေ့မြောက်သို့ ရောက်ချင် ရောက်သည်။ သို့မဟုတ် အရှေ့စူးစူးသို့ ရောက်ချင်ရောက် သည်။ ထိုအခါ ကောင်းကင်တွင် ဘက်နေသော အလှတင်စွန်များ၊ အမျှားအဖြတ် ပြုကြ သော စွန်များ ရွေ့သွားပုံမှာ ကြည့်၍ကောင်းသည်။

တစ်ကောင်နှင့်တစ်ကောင် မျှားရန် စည်းလုနေကြသော စွန်တွေ အကောင် သုံးလေး ဆယ်မက ရှိပေလိမ့်မည်။ အလှ လွှတ်တင်ထားသော စွန်တွေ နှစ်ဆယ်အစိတ်မက ရှိလိမ့်မည်။ နေ့ဝက်သာရုံးတက်ရသော ယနေ့လို နေ့မျိုးနှင့် တနင်္ဂနွေနေ့တွင်

mgyoe.com

mgyoe.com

သည့်ကွင်းပြင်တွင် လှူပို့၍စည်သည်။ တစ်နေ့လုံး ရုံးပိတ်ရက်များတွင် ကားကြီး ကားငယ်တွေ ရောက်လာသည်။ ကလေးလူကြီး အမျိုးသား အမျိုးသမီးတွေနှင့် ကွင်းမှာ စည်ကားလှသည်။ ပြောက်ကျားပြောက်ကျား ခြားကာ ပေါက်နေသော ကုက္ကိုင်ပင် မရမ်းပင် ကုံကော်ပင်အောက်တွင် အစုစုဖွဲ့ကာ နေကြသည်။ စွန်လွှတ်ကြသည်။ အချို့က ထမင်းချိုင့် ထမင်းထုပ်တွေ ယူလာသည်။ အချို့က ဂေါက်လေ့ကျင့်ကွင်း အစွန်တွင် သွားရောက် ချက်ပြုတ် စားသောက်ကြသည်။

ညောင်ရေသွန်းပွဲတော် အပြီးလောက်တွင် ထိုကွင်းတွင် စွန်တစ်ကောင်နှစ်ကောင် လွှတ်စပြုသည်။ ထို့နောက် သီတင်းကျွတ်ပွဲတော်မတိုင်မီအထိ နတ်တော်ပြာသိုတွင် အသင့်အတင့် ပြန်လည် စည်ကားသည်။ မြောက်ပြန်လေတွင် လွှတ်ရသော စွန်ပွဲသည် မုတ်သုန်မိုးဦး စွန်ပွဲကဲ့သို့ များစွာ မစည်ကားတော့။

"အစ်ကိုလေး . . . ဟိုမှာ လပ်ကီးဆဲဗင်း ပြန်တက်လာပြန်ပြီ"

ညီတော်မောင်အတာက ကုက္ကိုပင်လွတ်ရုံတက်လာသော နံပါတ်ခုနစ်စွန်ကိုပြကာ ဝမ်းသာအားရ ပြောသည်။ ထိုနေရာမှ တက်လာပြီး သူနှင့်မျှားကာ ပြတ်ခဲ့သည်မှာ နံပါတ်ခုနစ်ချည်း သုံးကောင်ရှိခဲ့ပေပြီ။ ယခုနံပါတ်ခုနစ်တစ်ကောင်တက်လာပြန်ပြီ။ ပထမအကောင်က အဖြူပေါ်မှာ အင်္ဂလိပ်ဂဏန်း ခုနစ်။ ထို့နောက် အနီခံ။ ထို့နောက် အဝါခံ။ ယခု ခုနစ်၏ အောက်ခံအရောင်မှာ အပြာခံ အနက်ဂဏန်း။

"အစ်ကိုလေး မျှားလေ"

ညီညီက အားပေးတိုက်တွန်းသဖြင့် အော်ပြောသည်။ လက်ထဲက ရစ်ဘီးကို ကိုင်ကာ မော့ကြည့်နေသည်။

"နေဦး ညီညီ။ သူ ပြန်ချသွားပြီ"

နံပါတ်ခုနစ် ပြန်ဆင်းသွားသည်။ လေတွင် မကစားသောကြောင့် ဆိုင်းကြိုးပြင်ရန် ပြန်ချသွားခြင်း ဖြစ်ပေလိမ့်မည်။ ညီညီ့ကိုမကြည့်၊ ပြောသာ ပြောရသည်။ သူ့ မျက်လုံး သည် ကြယ်နီစွန်ထံသို့ ရောက်နေ၏။ ကြယ်နီစွန်သည် အဝါကျားကို ဖြတ်ကာ အပေါ်သို့ ထောင်တက်လာ၏။ ထိုစဉ် အဝါကျား အောက်သို့ရောက်အောင် ကြိုးလျှော့လိုက်သည်။ ဘယ်လက်ဖဝါးပေါ်တွင်ရစ်ပြီး ဝင်ရိုးသည် မွတ်နေအောင် လည်လျက်ရှိသည်။

"ကာလီမျက်ပြူးက ကြယ်နီကို ဖြတ်တော့မယ်ဟေ့"

ညီညီက ရှေ့ဘက်သို့ပြေးရင်း အော်ဟစ် အားပေးသွားသည်။ အောက်စည်း ရအောင် အတော်အလျှော့ပေးရဦးမည်။ ကိုက်နှစ်ထောင် အပ်ချည်ရစ်ထားသော မှန်စာ

mgyoe.com

mgyee.com

ကြိုးတို့ သုံးပုံတစ်ပုံမက ကုန်သွားပေမည်။ မှန်စာက ဆွဲမှန်စာ။ ကြယ်နီစွန်သည်လည်း ဆွဲကြိုး။ အောက်စည်းကို အယူခံလိမ့်မည်မထင်။ ကြယ်နီစွန်ကို မှားမည်ဟု မထင်အောင် နေရာ လွှဲလွှဲထားကာ လျှော့ပေးရသည်။ လျှော့ရင်းနှင့် အခြေကိုမှန်းရသည် စွန်သိပ်နိမ့်လာသည်။ စွန်ဦးခေါင်း ပြန်တည်ကာ ဆွဲတင်လိုက်သည်။ ဆွဲတိုင်းပါသော ကာလီ မျက်ပြူးသည် တည့်တည့် တက်လာ၏။ ထိုစဉ်ကြယ်နီက လကျ်ာဘက်သို့ သိမ်းလာသည်။ စွန်ပမာဏချင်း ကွာတော့ ကွာနေပေပြီ။ ကာလီမျက်ပြူးသည် ကြယ်နီထက် ကိုက်နှစ်ရာနီးနီး လွန်လှပေပြီ။ ကြယ်နီစွန် လွှတ်ရာနေရာကို မှန်းသည်။ မြောက်စူးစူးသို့ သူ မျက်နှာမူထားသည်။ ကြယ်နီစွန်သည် အနောက်မြောက်သာသာ နေရာမှ လွှတ်နေသူ၏ စွန် ဖြစ်နိုင်သည်။ ကြယ်နီစွန် အဝေ့အဆွဲကြောင့် အမှန်းအဆမလွဲဟု တွက်လိုက်သည်။ ညာဘက်သို့ လေကြောင်း ပြောင်းယူလိုက်သည်။ ကာလီမျက်ပြူးသည် လကျ်ာရစ် ရစ်ကာ ဝေးဝေးသွားသည်။ အကွာအဝေး မှန်းကြည့်သည်။ တော်လောက်ပြီထင်၏။ အဆင်မသင့်၍ မိမိစွန်ပြတ်ရလျှင် ကြိုးရှည်ရှည် ပါသွားမည်။ ဆယ့်လေးငါးပတ်စာ လျှော့ပေးပြီး ခေါင်းအထောင်တွင် ဆွဲတင်သည်။ ကာလီမျက်ပြူးသည် တည့်တည့်ထောင်သည်။ သုံးလေးပတ်ကစားပြီးမှ ဘယ်ဘက်သို့ ဘေးတိုက် တည့်တည့် ဆွဲလိုက်၏။ ကာလီမျက်ပြူးသည် စွန်သုတ်သကဲ့သို့ ဘေးတိုက်ပြေးလေသည်။ အားစိုက်ပြီးရစ်ရ၍ ညာလက်ညှိုးသည် ရစ်ဘီးပြားတွင် အထိများကာ ပူလာ၏။ ကြယ်နီသည် အောက်စည်းကိုလုရန် လျှော့လိုက်ဦးစိုက်ဆွဲလိုက်နှင့် ရှိ၏။ ကံကောင်း၍လား လေကြောင်းသင့်၍လား မသိ။ ကာလီ မျက်ပြူးသည် နိမ့်ဆင့်ကာ ကြယ်နီစွန်၏ အောက်သို့ ဆင်းသွား၏။ ထိုအချိန်ကျမှ ဆက်လျှော့လျှင် ငြိတော့မည်ဟု ကြယ်နီစွန်လွှတ်သူ သဘောပေါက်ဟန် တူ၏။ ဦးပြန်ထောင်သည်။ ကွေ့ရှောင်ရန် ကြိုးစားသည်။ သို့သော် နောက်ကျသွားပေပြီ။ ကြိုးချင်းထိသွားသည်ကို လက်များက ခံစား သိရှိလိုက်သည်။ ပိုမိုအားစိုက်ပြီး ဆွဲတင်ရင်း နောက်သို့ သုံးလေးလှမ်း ဆုတ်သည်။

"အစ်ကိုလေး ဆွဲတင် ဆွဲတင်၊ ကြယ်နီကိုထိနေပြီ"

ညိုညို့စွန်ကို တင်ပေးနေသောအတာက လှမ်းအော်သည်။ အမြီးတွေခွေကာ စွန်ထိုး ပေးရန် ပြေးနေသော ညိုညိုက

"ဆွဲ . . . ဆွဲ အစ်ကိုလေး"

ထိုစဉ်တွင်ပင် ကြယ်နီစွန်ကြိုး၏ တင်းနေသော အထိအတွေ့သည်ပျောက်သွား၏။ ထင်သည့်အတိုင်းပင်။ ကြယ်နီစွန်၏ အနေအထား ပျက်သွားသည်။ ပြတ်သွားပေပြီ။

mgyee.com

ညိုညိုနှင့် အတာတို့ နည်းတူ ကာလီ မျက်ပြူးဘက်မှ အားပေးနေသော ကလေးတစ်သိုက်၏ ဟေးကနဲအားပေးသံကို ကြားရသည်။ အနောက်မြောက်သို့ ရောက်နေသောစွန်ကို သူပြန်သိမ်းကာ အရှေ့မြောက်သို့ ရွှေ့ယူလိုက်သည်။ ပြန်ရစ်ယူကာ

"အတာရေ့ . . . လာလွှတ်ဦးကွာ . . . အစ်ကိုလေး လက်ညောင်းလာပြီ"

အတာကညီမလေးထိုးတော့လေဟု လှမ်းပြောသည်။ ညိုညိုက စွန်ကို ထိုးလိုက်သည်။ ဟူးဟူးထနေသော လေကြောင့် အမြီးရှည်သည် ခွေနေရာမှ စွန်နောက်သို့ တစ်မှုဟုတ်ချင်း လိုက်သွားသည်။ ကိုက်နှစ်ရာမျှ မြင့်အောင် တင်ပေးပြီး အတာ သူ့ထံသို့ပြေးလာသည်။ သူ့လက်ထဲမှ ရစ်ဘီးကိုယူသည်။ စွန်တစ်ကောင်ဖြတ်ပြီးတိုင်း အတာယူ၍ လွှတ်သည်။ အတာက မျှားရန်ဖြတ်ရန် စိတ်မဝင်စားတတ်။ သူများစွန်ကိုသွားမဖြတ်၊ သူ့ကိုဖြတ်ရန်လာလျှင် ကျင်ကျင်လည်လည် ရှောင်နိုင်သည်။ ညနေ နေအတော်စောင်း၍ ပွဲသိမ်းခါနီးကျမှ စွန်ဖြတ်ပွဲထဲသို့ ပါဝင်သည်။ တစ်ကြိမ်ထဲနှင့် အပြတ်ခံချင်ခံသည်။ တစ်ခါတလေ စွန်ကို ပြန်ချသည်။ ယနေ့ သူရောက်လာမှစွန်ဖြတ်ရန် စိတ်ဝင်စားလာသည်။ နာရီပြန် တစ်ချက်ထိုးကျော်မှ အတာတို့အိမ်သို့ သူရောက်သည်။ စွန်လွှတ်ရအောင်၊ စွန်မျှားရအောင်ဟု အဖော်စပ်သည်။ နားနားနေနေ နေမည် စိတ်ကူးသဖြင့် သူငြင်းသည်။ ဝမ်းကွဲညီ ညီမများဆိုသော်လည်း အရင်းအချာတွေလို ဖြစ်နေသည်။ ညီက သာမက ညီမကပါ မရမကခေါ်သည်။ အဒေါ်က လိုက်သွားလိုက်ပါဟု တိုက်တွန်းသည်။ ထို့ကြောင့်၊ ကုန်စုံဆိုင်တွင် စွန်ဆယ်ကောင် တစ်ကတ်ဝယ်သည်။ စွန်တွေများလွန်းသောကြောင့် ထင်၏။ အတာကအကိုလေး ကျွန်တော့် မှန်စာကို အထင်သေးလို့ပါ တစ်ကောင်နဲ့ တစ်ညနေလုံးဖြတ်လို့နိုင်ပါတယ်ဟု ပြောသည်။ အစ်ကိုလေး ရစ်ဘီးက မှန်စာမျိုး ထင်လို့လားဟု ညိုညိုက ပြောသည်။ တစ်ပတ်တစ်ခါ နှစ်ခါလောက် သူ့ရစ်ဘီးသူယူကာ ညိုညိုတို့နှင့်အတူ လွှတ်ဖူးသည်။ သုံးလေးလှည့်မှ တစ်လှည့်နိုင်သည်။ မျှားတိုင်း မနိုင်တတ်သဖြင့် စွန်လုံလောက်အောင် ဝယ်ရသည်။ ရာသီကြည်လင်တုန်း၊ လေကောင်းတုန်း စွန်ကုန်သွားလျှင် မချင့်မရဲဖြစ်ရသည်ကို တွေးမိ၏။

"အစ်ကိုလေး ကာလီ မျက်ပြူးက တစ်ကောင်ပဲ ရှုံးသေးတယ်နော်"

အတာက စွန်ကို နှိမ့်သည်။ ပါးနှစ်ဖက်မှာ လေတိုးသဖြင့် ရှဲရှဲမြည်ကာ ဘယ်ညာကစားနေ၏။

"ပထမရှုံးရတာက အစ်ကိုလေးတွက်တာမှားလို့ကွ၊ သိလား အတာ။ မထိသေးဘူး

mgyoe.com

mgyoe.com

ထင်ပြီး အလျှော့မှာ လေးကွက်ကျားရဲ့ ဆွဲကြိုးနဲ့ သွားငြိလိုက်လို့"

"ဟုတ်တယ် အစ်ကိုလေး"

မြက်ခင်းပေါ်တွင် ခြေပစ် လက်ပစ် ထိုင်လိုက်သည်။ ဖိနပ်ပင် မခုဖြစ်တော့။ သန့်ရှင်းနေသည်။ စိမ်းလန်းသန်မာသော မြက်တွေ ကွင်းအပြည့်ပေါက်နေသည်။ မြောက်ဘက်နှင့် အရှေ့ဘက်တွင်သာ မြေကုန်းမူကို ပြောက်တိပြောက်ကြား မြင်သည်။ နေရောင်ခြည်သည် မြက်ခင်းများပေါ်တွင် ခပ်ကိုင်းကိုင်းကျနေ၏။ ကုက္ကိုပင်ရိပ်သည် အရှေ့သို့စွေကျနေ၏။ နေရှိန်ရှိသော်လည်း မပြင်းလှ။ မလှမ်းမကမ်းစီလောက်တွင် သစ်ရိပ်တွေရှိနေသည်။ လေတံခွန် ပွဲတော်သူ ပွဲတော်သားတို့သည် အရောင်အသွေးစုံ၊ လူမျိုးစုံ၊ အရွယ်စုံ။

"အစ်ကိုလေး မြန်မာစွန်လုပ်တတ်သလား ဟင်...." မြင်ဖူးခဲ့သည်။ မလွှတ်ဖူးခဲ့။

"မလုပ်တတ်ဘူးကွ"

"ကျွန်တော် သိပ်လွှတ်ချင်တာပဲ ဟိုမှာတွေ့လား"

သူ မေးထိုးပြရာသို့ ကြည့်လိုက်သည်။ ကွင်း၏ မြောက်ဘက်စပ် ရွာငယ်မှ လွှတ်နေဟန်တူသော မြန်မာစွန်။ ကုလားစွန်ထက် သုံးလေးဆမက ကြီးသည်။ မြန်မာစွန်ကမှ သက်ရှိစွန်၏ သဏ္ဍာန်နှင့် တူသည်။ ကုလားစွန်က လေးထောင့်ချွန်းချွန်း။ စွန်ဦးခေါင်း၊ အတောင်ပံ၊ ခါး၊ အမြီး ဖြန့်ထားသော မြန်မာစွန်သည် လေတွင် ဝဲယာယိမ်းနေ၏။ ဘယ်တောင်ပံ ညာတောင်ပံအဖျားတွင် ပန်းပွားကြိုးရှည်လွင့်နေသည်။ ကုလားစွန်ကဲ့သို့ မလည်။ တည်ငြိမ်စွာ ဘယ်ညာလှုပ်ယိမ်းလျက်သာ ရှိ၏။

"မလည်တော့ မှုားလို့ခက်မှာပေါ့နော်"

"ဟုတ်မယ်ကွ"

"အလှပြသက်သက်ထင်တယ် အစ်ကိုလေးရ"

"ဟုတ်မယ်။ အစ်ကိုလေးငယ်ငယ်က တွေ့ဖူးတယ်။ ညဘက်လွှတ်တာ။ မီးပုံးတွေ လေးငါးပုံးဆက်ပြီး အမြီးမှာချည်ထားတာ။ ကြည့်လို့ကောင်းတယ်ကွ။ စွန်ကို အဲဒီပုံတွင် မကဘူး။ တခြား ဆင်ရုပ်၊ လိပ်ရုပ်လုပ်ပြီး အလှလွှတ်တယ်လို့ ကြားဖူးတယ်။ အစ်ကိုလေး လည်း မမြင်ဖူးဘူး အတာ"

အတာသည် ကြိုးလျှော့ပေးရင်း "ကာလီမျက်ပြူးက လွှတ်ရတာ တကယ် လက်တွေ့တယ်၊ ဆွဲတိုင်းပါတယ်၊ ကြည့်နေ"ဟု ပြောကာ အောက်စိုက်ချ၏။ သစ်ပင် ထိပ်ဖျားနှင့် မလှမ်းသော အကွာအဝေးတွင် တစ်ချက်လျှော့သည်။ ခေါင်းအထောင်တွင်

mgyoe.com

mgyoe.com

ဆွဲတင်၏။ ကြိုးမလျှော့ဘဲ လက်ဆန့်သည်။ ညာဘက်သို့ စွန်ခေါင်းငိုက်စိုက်သွားသည်။ ကိုယ် ကိုရို့ကာ ရစ်တင်လိုက်သည်။ ညာဘက်သို့ လေကြောင်းပြောင်းကာ တရှိုးရှိုး မြည်ကာ တက်လာ၏။ အတာ တစ်ချက်ရယ်သည်။ သဘောတွေ့နေလေ၏။ အတာတို့ မောင်နှမပေးထားသော စွန်နာမည်ကို ယခုမှ သတိရထားမိသည်။

"ကာလီမျက်ပြူးဆိုတာ ဘာလဲကွ အတာ"

အတာက သူ့ကိုလှည့်ကြည့်ကာ ပြုံးသည်။

"စွန်ခေါင်းမှာ အနက်ဝိုင်းနှစ်ခုရှိနေတယ်မဟုတ်လား။ ကျွန်တော်တို့ ရွှေငါးငွေငါး မွေးထားတဲ့အထဲမှာ ကာလီမျက်ပြူးဆိုတဲ့ငါးက မျက်လုံးလေးပြူးပြီး မျက်လုံးကနက်လို့။ ပြီးတော့ ဝိုင်းစက်နေတယ်မဟုတ်လား။ အစ်ကိုလေးဝယ်တဲ့ ဒီစွန်တွေက အရောင်သာ ပြောင်းတာ ဟာ . . .ဟာ . . ."

စွန်အောက်သို့ကျခိုက် ညိုညို၏စွန်နှင့်ငြိမည် ဖြစ်သွားသည်။ ညိုညိုက အစ်ကို လေး အစ်ကိုလေးဟု လှမ်းအော်သည်။ အစ်ကိုတော့ စွန်ကို လုပ်ပါဦးဟု လန့်ကာအော် သည်။ အတာက စွန်ကို့ အနောက်ဘက်သို့ ရွှေ့သည်။ နင့်စွန်ကို မထိပါဘူးဟဟု ညိုညို့ကို လှမ်းအော်ပြောသည်။ ပြီးမှ . . .

"အဲဒါကြောင့် ခေါ်တာပေါ့ အစ်ကိုလေးရ"

"စကားလည်းပြောဦး။ တော်ကြာ ညိုညို့မြီးရှည် ကာလီမျက်ပြူးကို သွားဖြတ် နေဦးမယ်"

အတာရယ်သည်။ ရယ်သံနှင့်အတူ

"ဟော . . .အစ်ကိုလေး လပ်ကီးဆဲဗင်းတက်လာပြီ၊ အမယ် ကျွန်တော့်ဘက်ကို လာတယ်၊ ရှော့ . . .ရှော့"

ထိုင်ရာမှ ထသည်။ တင်ပါးကိုပုတ်ပြီး ပုဆိုးပြင်ဝတ်သည်။ ရစ်ဘီးကို လှမ်းယူ ရင်း . . .

"ညိုညို့စွန်ကို မင်းအရှေ့ဘက် နည်းနည်းရှင်းပေး"

ဟုတ်ကဲ့ဟု ဆိုကာ ညိုညိုရှိရာနောက်ဘက်သို့ ပြေးသွားသည်။ကြိုးလျှော့လိုက် သည်။ လက်ဝဲဘက်သို့ လည်ကာ တဖြည်းဖြည်းဝေးသွားသည်။ မြောက်ဘက် စူးစူးသို့ နိမ့်ဆင်းသွားသည်။ အပေါ်သို့တင်ကာ ညာဘက်သို့ယူသည်။ နံပါတ်ခုနစ်သည် အရှေ့ မြောက်ဘက်တွင် မလှုပ်မရှားငြိမ်နေသည်။ ခေါင်းကြိုးလျှော့နေဟန်တူ၏။ မလည်။ မကစား။ ကြိုးမီအောင်လျှော့သည်။ လေတိုးအားကို နေးသည်ထင်၏။ ဘီး လျှော့လျှော့

mgyoe.com

mgyoe.com

ပေးလိုက်သည်။ ကြိုးသည် ပို၍အိကာ တွန့်တွန့်ကျသွားသည်။ ထိုစဉ် နံ့ပါတ်ခုနစ်၏ ရှေ့ဘက်တွင် စွန်သုံးကောင်စည်းလုကာ ဖြတ်ရန် နေရာယူနေကြ၏။ အနီ၊ အဝါ အဖြူကွက်နှင့် အနက်။ ကြည့်ရင်းတွင် အနက်နှင့်အနီတို့ လန့်သွားလေ သည်။ အနီတစ်ကောင်တည်း ကျန်ခဲ့သည်။ ရစ်ဘီးကို ရပ်လိုက်၏။ ကာလီမျက်ပြူးသည် အောက်သို့ စိုက်ကျသွား၏။ နိမ့်လွန်းမက နိမ့်နေသော နံ့ပါတ်ခုနစ်၏ ဘယ်ဘက် ဘေးသို့ဆင်းလာ၏။ သစ်ပင်များလွတ်ရုံသာသာသာ ရှိသည်။ ညာဘက်သို့ တအား ဆွဲကာသိမ်းပြီး ပင့်တင်လိုက်၏။ လေးငါးဆယ်ပတ် ရစ်လိုက်သည်။ နံ့ပါတ်ခုနစ်သည် မလှုပ်တစ်ချက် လှုပ်တစ်ချက်။ ကာလီမျက်ပြူးသည် နံ့ပါတ်ခုနစ်အနီးသို့ ရောက်သွား၏။ နိမ့်သောကြောင့်လား မသိနိုင်။ ဘီးအရစ်ရပေါ့တော့တော့ ဖြစ်နေသည်။ လေ မလိုက် သောကြောင့် ဖြစ်မည်။ သို့သော် ဆွဲတင်လိုက်ချိန်တွင် ကြိုးငြိသည်ကို မသိလိုက်။ နံ့ပါတ် ခုနစ်စွန် လေထဲတွင် မျောသွားသည်ကိုမြင်ရ၏။ ကာလီမျက်ပြူးကို ကမန်းကတန်း ဆွဲတင်ယူရ၏။ သစ်ကိုင်သစ်ဖျားနှင့် ငြိလုငြိခင်။

အတာ၏အားပေး အော်ဟစ်သံ၊ ညီညို၏ အော်ဟစ်သံများနှင့်အတူ နောက်ဘက် ဆီမှ ကလေးတစ်သိုက်၏ ဝမ်းသာအားရ ပြောသံတွေကြားရသည်။

“လပ်ကီးဆဲဗင်း လေးကောင်တောင် ကာလီမျက်ပြူးက စားသွားပြီဟေ့”

အတာသည် ခုန်ပေါက်ပြေးလွှားကာ အနီးသို့ရောက်လာသည်။ အတာ ပျော် နေသည်။ အတာ့ကို ကြည့်ကာ သူပျော်သည်။ ခြောက်တန်းကျောင်းသားလေး၏ ပျော်ရွှင် မှုမျိုး ရလာသည်။

“အစ်ကိုလေးက စွန်ဝိဇ္ဇာပဲ”

ရစ်ဘီးယူရင်း ပြောသည်။ သူ တဟားဟား ရယ်သည်။ အင်္ကျီလက်ကို ပင့်တင်ရင်း လက်ဖဝါးတွေကို သတိပြုမိသည်။ ဘယ်လက်ဖဝါးစောင်းမှာ ပူနေသည်။ ညာ လက်ညှိုးနှင့် လက်မထိပ်တွေကျိန်းနေ၏။ စောစောက ထိုင်ခဲ့သည့်နေရာတွင် ပြန်ထိုင် သည်။ လက်ဝါးနှစ်ဖက် ဖြန့်ကြည့်လိုက်သည်။ နီထွေးထွေးဖြစ်နေ၏။ သုံးလေးပတ် မျှ စွန်မလွှတ်ခဲ့။ လွှတ်ခါစ တစ်ပတ်နှစ်ပတ်က အသားမာတက်နေသော လက်ညှိုး ထိပ်ဖျားများ ပြန်နုသွားခဲ့သည်။ လက်ဖဝါးနှစ်ဖက်မှ ကြေးညှော်တွေကို ပွတ်သပ်ပြီး စီးကရက်ဘူးကိုထုတ်ကာ မီးညှိသည်။ အမောပြေတစ်ဖွာ နှစ်ဖွာ ဖွာရင်း စွန်တွေကို ငေးကြည့်နေသည်။ လေဟုန်စီးသော စွန်တွေကို ကြည့်နေသည်။ ထိုစဉ် နေရောင် ခြည်အားနည်းလာသည်။ တိမ်ရိပ်တစ်ခု ဖြတ်သွားသော နေရိပ်ကို မြင်သည်။

mgyoe.com

.mgyoe.com

ကောင်းကင်ပြာတွင် မိုးသားတွေ ဆိုင်းနေ၏။

"မိုးများရွာမလားမသိဘူး အစ်ကိုလေး"

အနောက်တောင်ဘက်သို့ သမင်လည်ပြန် လှည့်ကြည့်သည်။ မိုးတိမ်သားက မညိုမညစ်။ ဖြူလျက်သာရှိ၏။

"ရွာမယ်မထင်ဘူးကွ။ မိုးအုံ့နေတာလောက်ရှိမှာပါ"

အတာ့ကို ပြန်ဖြေလိုက်သည်။ အတာက နေမပူတော့၍ ရှေ့သို့ လျှောက်သွားသည်။ ကုန်းမြင့်ပေါ်ကနေ လွှတ်လိုဟန်တူ၏။ ညီညီ့ကို ကြည့်လိုက်သည်။ ညီညီသည် လူကြီးတွေစွန်တင်နေရာနှင့်လှမ်းသော အရှေ့ဘက်သို့ သွားနေ၏။ ညီညီ့စွန်သည် အမြီးလေးသည်ကတစ်ကြောင်း ကိုက်လေးငါးဆယ်သာအမြင့်ရှိ၍တစ်ကြောင်း ဆိုင်းကြိုးမမှန်၍ တစ်ကြောင်းကြောင့် အမြီးယမ်းကာ ခေါင်းတုန်နေ၏။ ညီညီ . . . နည်းနည်းတင်လိုက်ဦး။ လေမမိတမိဖြစ်နေတယ်ဟု သူ လှမ်းအော်ပြောသည်။ ညီညီက လျှော့လိုက်တင်လိုက်နှင့် စွန်ကိုမြှင့်သည်။ လေကြောမိသွားသဖြင့် စွန်သည် ငြိမ်ကာ ကြိုးတင်းတင်းရင်းရင်းဖြစ်လာ၏။ ကွင်းအနောက်ဘက်ဆီမှ တဟေးဟေး အော်ဟစ်သံတွေကြားရသည်။ လှည့်ကြည့်လိုက်သည်။ တုတ်တံများ၊ ဝါးလုံးများ ထိပ်တွင် ပါးကိုင်းဖျားတွေချည်ကာ စွန်လိုက်နေသော ကလေးတစ်စု။ စွန်ဖြူတစ်ကောင်လွင့်လာသည်။ သူ့ထက်ငါ ဦးအောင်မိအောင် တုတ်တရမ်းရမ်း ဝါးလုံးတရမ်းရမ်းနှင့် ချိတ်နေသည်။ သူတို့အနီးသို့ရောက်နေသော ဆီဒင်အနီတစ်စီးက ခဏရပ်ပေးကာ စောင့်နေ၏။ အော်ဟစ်ငြင်းခုံသံများ ကြားရသည်။ စွန်ဖြူသည် မြေပေါ်မရောက်မီပင် စုတ်ဖြဲသွားသည်။ ကလေးတွေကို ကွေ့ရှောင်ကာ မြက်ခင်းပေါ်သို့ မောင်းလာ၏။ စွန်လွှတ်ရန် ယခုမှ ရောက်လာသူဖြစ်ပေလိမ့်မည်။

"အစ်ကိုလေး ဟိုမှာ လန်သွားတဲ့စွန်က ကျွန်တော်ဖြတ်လိုက် . . ."

အတာက အဝေးမှ လှမ်းအော်သည်။ ကြယ်ဝါစွန်တစ်ကောင်ပြတ်သွားသည်ကို မြင်၏။ အတာ သူ့ထံသို့ ပြေးလာသည်။ အစ်ကိုလေး မှုားဦး။ ကျွန်တော် ညီညီ့စွန်ကို အမြင့်ကြီးတင်ပေးလိုက်ဦးမယ်ဟု ပြောကာ ပြေးထွက်သွားသည်။ စီးကရက်ကို နှုတ်ခမ်းတွင် ခဲထားရင်း အတိုက်မကြမ်းသော အထက်လေ လမ်းကြောင်းထဲသို့ တင်လိုက်သည်။ ကားသံကို နားတွင်နီးစွာကြားရသည်။ ကုက္ကိုပင်ရိပ်အောက်တွင် ဆီဒင်အနီ ရပ်လေသည်။ လှည့်ကြည့်လိုက်သည်။ အသက်နှစ်ဆယ့်လေးနှစ်။ သူ့ထက် နှစ်နှစ် သုံးနှစ်ငယ်မည့် အမျိုးသမီးတစ်ယောက်။ လက်ထဲတွင် ရစ်ဘီးနှင့် စွန်တစ်ကောင်

mgyoe.com

mgyoe.com

ကိုင်ကာ ဆင်းလာသည်။ အကြာအရှည်ကြည့်ရန် မသင့်၍ လည်ကာ အောက်ဆင်းလာသော ကာလီမျက်ပြူးကို ပြန်ထိန်းလိုက်သည်။

"ဒီစွန်က ရှင် လွှတ်တာလား"

အမြီးတပ်ထားသော ကလေးစွန်နှင့်မငြိအောင် ဖယ်ယူရင်း

"ဟုတ်ကဲ့"

"စောစောတုန်းက နံပါတ်ဆဲဗင်းတွေဖြတ်တာ ရှင်လား"

သူ ပြုံးလိုက်သည်။ ခေါင်းညိတ်ကာ ဘယ်လက်ကြားတွင် စီးကရက်ညှပ်ပြီး

"ဟုတ်တယ်ခင်ဗျ လေးကောင်ရှိပြီ။ နောက်ဆုံးတစ်ကောင်တုန်းက ကံကောင်းလို့။ နိမ့်လွန်းလို့ သစ်ပင်ဖျားနဲ့ ငြိတော့မလို့"

"ရှင် စည်းကမ်းနားမလည်ဘူးလား"

"ဗျာ"

"မဗျာနဲ့ ရှင် စည်းကမ်းရှိဖို့တော့ ကောင်းတယ်"

အမျိုးသမီး၏လက်ထဲက စွန်ကို ကြည့်လိုက်သည်။ လပ်ကီးဆဲဗင်းဟု အတာတို့ခေါ်သော နံပါတ်ခုနစ်။

"ဆဲဗင်းလွှတ်နေတာ ခင်ဗျားလား"

"ဟုတ်တယ်"

စိတ်ဆတ်ဆတ်ဖြင့် ဟုတ်တယ်ပြောသံ။ သူ မခံချင်စိတ်ဝင်လာသည်။ ရုပ်ကလေးက ချောချောလှလှနှင့်။ လေသံနှင့် အကြည့်တွေက မချောမော။ မလှပ။ မာမာကျောကျောဟန်ပန်။ တစ်ချက်မျှ ငဲ့ကြည့်ပြီး စွန်ထံသို့ မျက်လုံးရွှေ့ကာ

"မမှားစေချင်ရင်လည်း စွန်မှာ အမြီးတပ်ထားပါလား။ ဒါဆို ဘယ်သူကမှ လာပြီး ဖြတ်မှာ မဟုတ်ဘူးပေါ့"

အမျိုးသမီးသည် "ဘာရှင့် . . ." ဟု ဆတ်ဆတ်ပြတ်ပြတ်ပြောကာ တစ်လှမ်းတိုးသည်။ မျက်နှာမှူသည်။ သူ တမင် မကြည့်။ ရစ်ဘီးလျှော့လိုက် ရစ်လိုက်နဲ့ လေကစားနေလိုက်သည်။

"ဘာပြောတယ် ပြန်ပြောစမ်းပါဦး"

"အမြီးတပ်ထားတဲ့ ကလေးစွန်ဆိုရင် ဘယ်သူမှမမှားပါဘူး။ ဒါ ဒီကွင်းရဲ့ စည်းကမ်းပဲ"

"ပထမသုံးကောင်ကို မှားတာ ကျွန်မ ဘာမှမပြောလိုဘူး။ နောက်တစ်ကောင်

mgyoe.com

mgyoe.com

ကျတော့ ရှင် မဖြတ်သင့်ဘူး"

"ကျွန်တော် ပြောပြီးပါပကော။ ဒါမှမဟုတ်ရင် ပြတ်သွားတဲ့ လေးကောင်စလုံး အလျော်ပေးရမလား"

ကလေးလို လွှတ်ပါလားဟူသော စကားမျိုး ရည်ရွယ်၍လား၊ အလျော်ပေးမည်ဟူသော စကားကြောင့်လားမသိ။ အမျိုးသမီး ဒေါကန်လာဟန်တူ၏။ ရစ်ဘီးနှင့် စွန်ကို မြက်တွေပေါ်သို့ ပစ်ချပြီး ခါးထောက်သည်။

"ကျွန်မ အလျော်တောင်းနေတာမဟုတ်ဘူး။ ကျွန်မစွန် လေတောင် ကောင်းကောင်း မမိသေးဘူး။ ဆိုင်းကြိုးမမှန်လို့ စွန်ပြန်ချနေတုန်း ရှင် မတရားဝင်ဖြတ်တာပဲ။ ရှင် ဒီလောက်မှ နားမလည်ဘူးလား"

ကြိုးကိုပြန်ရစ်ကာ နှိမ့်ရင်း တစ်ချက်ကြည့်လိုက်သည်။ ဂျင်းအင်္ကျီလက်ရှည်။ လက် နှစ်ဖက်ကို တံတောင်နားအထိ ခေါက်တင်ထားသည်။ အင်္ကျီစကို ထဘီအပြင်တွင် ထုတ်ဝတ်ထားသည်။

"လေမမိသေးရင်လည်း မမိသေးဘူးလို့ လှမ်းပြောဖို့ကောင်းတယ်"

"ဘာ"

ဘာသံမှာ ကျယ်ကျယ်စူးစူး။ ပြောပြီးမှ ရယ်ချင်လာသည်။ စီးကရက်ကို နှုတ်ခမ်းတွင်ပြန်တပ်ပြီး ဣန္ဒြေဆည်ရ၏။ ကိုက်ပေါင်းခြောက်ရာ ခုနစ်ရာမက ဝေးနေသော သစ်ပင်ပုများ ကွယ်နေသောအရပ်မှ အဘယ်သို့ လှမ်းပြောနိုင်ပါမည်နည်း။

"ရှင့်လိုလူမျိုး ဒီကွင်းမှာ လာမကစားရင်ကောင်းမယ်"

"ဟုတ်ကဲ့"

"ဘာပြောတယ်"

"ဟုတ်ကဲ့လို့ ပြောတာပဲ။ နောက်နေ့ လာကစားရင် ခင်ဗျားဆီမှာ ခွင့်လာတောင်းပါ့မယ်။ ခင်ဗျားကို ကွင်းပိုင်မှန်းမသိလို့ပါ"

နှုတ်ခမ်းကိုတင်းနေအောင်စေ့ကာ စူးစူးစိန်းစိန်းကြည့်သည်။

"ရှင်စကားပြောတာ သိပ်လူပါးဝတာပဲ"

"ရိုးသားစွာပြောတာပါပဲ"

"ကွင်းပိုင်ဆိုတဲ့စကားက ကျွန်မကို သရဲတစ္ဆေနဲ့ နှိုင်းတာမဟုတ်လို့ ဘာလဲ"

"ဟုတ်လား . . . အဲဒီအဓိပ္ပာယ်ရောက်မှန်း ကျွန်တော် တကယ်မသိပါဘူး"

စွန်နဖားခတ်သံ ဝှီးဝှီးဖျပ်ဖျပ်မြည်သည်။ လေစီးကြောင်းက အောက်ခြေတွင်

mgyoe.com

mgyoe.com

ကြမ်းနေ၏။ ဘယ်ဘက်သို့ အငိုက်တွင် သိမ်းဆွဲလိုက်သည်။ ကြိုးသည် အမျိုးသမီး၏ ခေါင်းပေါ်မှ လက်သုံးလေးသစ်အကွာဖြတ်သွား၏။

"စကားပြောတာကိုက"

နှုတ်ခမ်းတစ်ချက် တွန့်သည်။ မမြင်ယောင်ဆောင်နေသောကြောင့် ပိုပြီး မခံမရပ်နိုင် ဖြစ်လာဟန်တူသည်။

"ကျွန်တော်ပြောတာ ဘာလွန်လို့လဲဗျာ။ ခင်ဗျားစွန်ကို မမျှားစေချင်ရင် ကလေးတွေလို အမြီးရှည်တပ်။ အမြီးတပ်ပြီးအလုပြလွှတ်တဲ့ ကလေးတွေ စွန်ကမျှားရင် မျှားတဲ့သူ အလွန်ပေါ့"

"ကျွန်မက မမျှားရဘူးပြောတာမဟုတ်ဘူး။ လေမမိတဲ့အချိန် လာမျှားတော့ ကျွန်မစွန်က ဘာတတ်နိုင်မလဲ။ ကျွန်မ အတင်းရှောင်ပြီး စွန်ကိုအောက်ချတဲ့ကြားက ရှင်ဖွတ်ဝင်ဖြတ်တာပဲ။ ဒါ စည်းကမ်းမရှိတာမဟုတ်လို့ ဘာလဲ"

စီးကရက်အစီခံကို အသာဖော့၍ကိုက်ကာ တကြည့်ကြည့်သည်။

"ကောင်းပြီလေ . . . ခင်ဗျားက အော်လည်းမပြော၊ စာလည်းကပ်မထားတော့ မျှားလို့ရတယ်ထင်ပြီး ကျွန်တော်မျှားတာ ကျွန်တော့်အလွန်ပေါ့"

"ရှင်စကားပြောတာ ကောင်းကောင်းပြောပါ"

"ဟောဗျာ ဒါထက် ကောင်းအောင်ပြောဖို့ စကား ကျွန်တော့်မှာ မရှိတော့ပါဘူး"

"မဟုတ်ဘူး။ လေမမိတာကို ဘယ့်နှယ်လုပ် အော်ပြောရမလဲ။ ဘယ်လိုလုပ် စာကပ်ထားရမလဲ။ ရှင် စွန်မလွှတ်ဖူးဘူးလား။ စွန်မြင်တာနဲ့ မသိဘူးလား"

"မသိလို့ပေါ့"

"မသိရင် ဒီကွင်းထဲ ဘာလို့စွန်လာလွှတ်နေသေးလဲ"

"အဲဒီစည်းကမ်းမသိတဲ့သူ စွန်လာမလွှတ်ရလို့ ဥပဒေထုတ်ထားတာလည်း မသိလို့ပေါ့"

ထိုအခါမှပင် အမျိုးသမီးသည် ခါးကို လက်စုံထောက်သည့်အဆင့်ရောက်လာသည်။ မျက်နှာထားပို၍မာကျောလာသည်။ စူးရှလွန်းသော အကြည့်နှင့်အတူ ဖြူနုသောမျက်နှာ နီမြန်းလာသည်။ အမျိုးသမီး၏ ဦးခေါင်းပေါ်တွင် ဝေ့ဝိုက်နေသော စွန်ကြိုးကို အရှေ့ဘက်ရောက်အောင် ဆွဲကာသိမ်းလိုက်သည်။ ဒေါသအတော်ဖြစ်နေဟန် တူသည်။ မသိယောင်ပြု၍ နေခြင်းသည်ပင်လျှင် မကျေနပ်စရာ ဖြစ်လာလေသလော မဆိုနိုင်။

"လျော်ဆိုရင် ကျွန်တော်လျော်မယ်။ သစ်ပင်ခြေရင်းမှာရှိတဲ့စွန်ကို ကျွန်တော်

mgyoe.com

mgyoe.com

သွားယူပေးမယ်။ ခင်ဗျား ဒီစွန်ကို ခဏထိန်းပေးထား"

ခေါင်းခါသည်။ ပြီးမှ

"မထိန်းပေးနိုင်ပါဘူး။ အလျော်လည်း မလိုချင်ပါဘူး"

"ဒါဖြင့်"

ထိုစဉ် အတာပြေးလာသည်။ သူတို့နှစ်ယောက်ကို ကြည့်ရင်း ခြေစုံရပ်သည်။ အမျိုးသမီးက အတာကိုကြည့်သည်။ မျက်နှာထား ပြောင်းသွားသည်။ အတာက . . .

"ဟော မမညို အခုမှလာသလား"

"မဟုတ်ဘူးကွယ့် နေ့လယ်ထဲက ရောက်နေတာ"

အတာက သူ့ရှေ့သို့ လာသည်။ ရစ်ဘီးကို သူလှမ်းပေးသည်။ အတာ လှမ်းယူသည်။ သူတို့နှစ်ယောက်၏ မျက်နှာရိပ်မျက်နှာကဲကို အတာ နားလည်ဟန်တူ၏။

"မမညို ကျွန်တော်တို့ အစ်ကိုလေးလေ၊ အစ်ကိုလေး မမညိုက ကျွန်တော်တို့နဲ့ ခင်နေတာကြာပြီ။ မမညိုက စွန်လွှတ်သိပ်တော်တာ"

မျက်နှာထားလျော့သွားသော်လည်း ခါးထောက်လျက်သား ရှိသေးသည်။

"မမညို"

အမျိုးသမီးက အတာဘက်သို့ ကိုယ်ကိုလှည့်လိုက်သည်။ လက်ကိုဖြေသည်။

"ညိုညိုလည်း ပါတယ်။ ဟိုနောက်မှာလေ။ စောစောတုန်းက ကျွန်တော်တို့ အများကြီးနိုင်ခဲ့တယ်။ ကာလီမျက်ပြူးက ရှစ်ကောင်တောင်စားပြီးပြီ။ လပ်ကီးဆဲဗင်း ဆိုတာ လေးကောင်ဆက်တိုက် ပြတ်သွားတာပဲ"

သူ ခြေဦးပြင်လိုက်သည်။ အမျိုးသမီးက ခေါင်းသာညိတ်သည်။ အပြုံးအရယ် ခက်နေဟန်တူသည်။ ကုက္ကိုပင်ရင်းသို့ သွားထိုင်ရန် ခြေလှမ်းလိုက်သည်။ ထိုအခိုက်

"ဒီမယ် ကိုအဝှာ"

သူ သမင်လည်ပြန်ကြည့်ကာ

"ကျွန်တော် တရုတ်မဟုတ်ပါဘူး။ ကျွန်တော့်နာမည် အဝှာမဟုတ်ပါဘူး မမညို"

မမညိုဟု အတာခေါ်သလို ခေါ်လိုက်ခြင်းကြောင့်ဖြစ်မည်။ အဝှာကို တမင် ရွှတ်နောက်ပြောလိုက်၍လည်း ဖြစ်မည်။ ဒေါသမျက်နှာထားလျော့ကာ ရယ်လိုစိတ်ကို မနည်းမျိုသိပ်ရပုံရှိလေသည်။ အတာက တဟီးဟီးရယ်ရင်း . . .

"အစ်ကိုလေးရဲ့နာမည်က ကိုအောင်ဇော်။ မမညိုရဲ့နာမည်က ညိုညိုအောင်"

ညိုညိုအောင် သူ့အမည်ကို သိသွားသော်လည်း

mgyoe.com

mgyyoe . com

"ဒီရစ်ဘီးနဲ့ စွန်က အတော့ဥစ္စာဖြစ်နေလို့။ နို့မဟုတ်ရင် စွန်ကြိုးကို ကျွန်မ ဖြတ်လွှတ်လိုက်ပြီမှတ်။ နောက်ကို စွန်လွှတ်သူတွေရဲ့ စည်းကမ်းကို လိုက်နာပါ"

သူကိုယ်ကိုလှည့်သည်။ ခေါင်းတစ်ချက်ညိတ်ကာ

"ခင်ဗျားလည်း စည်းကမ်းချက်တွေကို စွန်ပေါ်မှာရေးပြီး လွှတ်ပါ"

"ရှင် သိပ်စကားကတ်သတ်တာပဲနော်"

"ခင်ဗျားလည်း စည်းကမ်းချက်တွေ သိပ်ထုတ်ပြန်လွန်းတာပဲနော်"

သူ့ကို မျက်မှောင်တွန့်၍ပြောသည်။ ပြောအပြီးတွင် စီးကရက်တိုကို လက်ဖြင့် တောက်ပစ်လိုက်သည်။ ညိုညိုအောင်က စီးကရက်တိုကျရာသို့သွားပြီး ဖိနပ်ဖြင့် နင်းခြေကာ မီးသတ်သည်။

၂၈ "ကွင်းထဲမှာ ကလေးတွေ ဖိနပ်မစီးဘဲ ပြေးလွှားနေတာ ရှင် သတိထားဖို့ကောင်းတယ်"

ကိုယ်က စည်းကမ်းမရှိဖြစ်သွား၍ ငြိမ်သာနေလိုက်ရသည်။ မကျေမနပ်တော့ ဖြစ်မိသည်။ ပြောစရာစကားမရှိ၍ သစ်ပင်အောက်သို့ သွားထိုင်နေလိုက်သည်။ ညိုညိုအောင် သည် အတော့ရှေ့သို့လျှောက်သွားကာ စွန်ကိုတင်သည်။ စွန်လွှတ်ကျင်လည်နေသူ့ကို ငဲ့ကိုက်သည်။ ခဏချင်းပင် အတာ၏စွန်အမြင့်သို့ ရောက်သွားသည်။ အတာ၏စွန်ပေါ်မှ ဝဲကာဝေ့ကာ လေကစားသည်။ အထက်အောက် ကစားရင်း အတာနှင့် စကားပြောလိုက် ရယ်လိုက် ရှိနေသည်။ နှုတ်စလျှာစ သွက်လက်သူဟု သိလိုက်သည်။ မာနမျက်နှာဟုကား ငြင်းဖွယ်မရှိ။ စိတ်ကြီးသော မိန်းကလေးတစ်ယောက်၏ အမူအရာဟု တွက်သည်။

* * *

အတာကစွန်ကို ကမန်းကတန်းရစ်ချသည်။ ထို့နောက် သူ့ထံသို့ ရစ်ဘီးနှင့်စွန်ကို လာပေးပြီး ညိုညိုထံသို့ ပြေးသွား၏။ ညိုညိုက စွန်ကို မြန်မြန်ရစ်မချနိုင်။ မိုးစက်တွေက စိပ်သည်ထက် စိပ်လာသည်။ အတာက တအားရစ်ကာ စွန်ကိုချသည်။ စွန်အမြီးစနှင့် မြေကြီးတို့ထိသည့်အချိန်တွင် မိုးစက်တွေပိုကြီးလာ၏။ ညိုညိုက စွန်ကို ကြိုးမှ ဖြတ်ကာ အမြီးတွေပိုက်၍ ယူလာ၏။

ညိုညိုအောင်က အတာတို့ မောင်နှမနှစ်ယောက်ထံသို့ ပြေးသွားကာ ကားဆီသို့ ခေါ်၏။ ကားနားသို့အရောက်တွင် ညိုညိုက အစ်ကိုလေး လာလေဟု လှမ်းခေါ်၏။

mgyyoe.com

 mgyoe.com



ရတယ် ညီညို အစ်ကိုလေး နေလို့ရတယ်ဟု လှမ်းပြောလိုက်သည်။ အတာကို လှမ်းခေါ်ပြီး စွန်တွေနှင့်ရစ်ဘီးကို ပေးလိုက်သည်။ အစ်ကိုလေးပါ ကားထဲလိုက်ပြီး မိုးခိုပါလားဟု အတာခေါ်သည်။ သူ ခေါင်းခါလိုက်သည်။ အတာက ကားဆီသို့ပြေးသွားသည်။ မိုးက စဲမယောင်ပြုပြီး မိုးသီးမိုးပေါက် ကျလာသည်။ ကွင်းထဲရှိသူတွေ နီးရာကားပေါ်တက်ကြ သစ်ပင်အောက်ခိုကြနှင့်ရှိသည်။

မိုးရွာသည်းလာ၏။ အကိုင်းအရွက်များပေါ်မှ မိုးစက်တွေကိုယ်ပေါ်သို့ကျလာ၏။ ပင်စည်တွင် ကပ်နေလိုက်သည်။ မကြာမီပင် ပင်စည်တစ်လျှောက် မိုးရေတွေစီးဆင်းလာလေသည်။ ကားရှိရာသို့ကြည့်မိသည်။ နောက်ခန်းထဲတွင် အတာတို့မောင်နှမနှစ်ယောက်။ သူ့ကိုကြည့်နေကြသည်။ ရှေ့ခန်းထဲတွင် ညီညိုအောင်။ သူ့ကိုတစ်ချက်ကြည့်သည်။ မိုးရေစိုလို့ သေတာမှမဟုတ်ဘဲကွာ။ နေပါစေ။ ကားပိုင်ရှင်ကမှ မဖိတ်ခေါ်တာ ဘာလို့သူ့ကားထဲထိုင်ပြီး မိုးခိုရမှာလဲဟု မခံချင်စိတ်ဖြင့် တွေးသည်။ စောစောက စကားများထားတာကြောင့် သူ မခေါ်တာဖြစ်ပါလိမ့်မယ်ဟု ဖြေတွေးတွေးသည်။

အင်္ကျီပေါ်မှရေတွေ လုံချည်ပေါ်သို့ကျသည်။ ထိုအချိန်တွင် ကားစက်နှိုးသံကြားသည်။ ကားမောင်းထွက်လာသည်။ သူ့ရှေ့နားသို့အရောက်တွင် ကွေ့သည်။ ထို့နောက် တစ်ဝက်တင်ထားသော မှန်နောက်မှ ညီညိုအောင်၏ မျက်နှာကိုတွေ့သည်။

"ကားထဲဝင်ပြီး မိုးခိုပါလား"

စွပ်ကျယ်အင်္ကျီကိုပင် မိုးရေစိုကာမှ မထူးတော့။ သူ ခေါင်းခါလိုက်သည်။

"ကျွန်တော့် တစ်ကိုယ်လုံး စိုရွဲနေပါပြီ မညီညိုအောင်။ ကျွန်တော် ဝင်ထိုင်လိုက်ရင် ကားထဲမှာ ရေတွေစိုကုန်မှာ စိုးရတယ်။ ကျေးဇူးတင်ပါတယ်"

ထေ့ငေါ့သော စကားဖြစ်သော်လည်း ဒေါသမျက်နှာကို သူမတွေ့တော့။ မျက်နှာပျက်တတ်တတ်ဖြစ်သွားသည်ကို သတိပြုမိသည်။ ပြတင်းအနီးမှမျက်နှာသည် နောက်သို့တဖြည်းဖြည်း ဆုတ်သွားသည်။

မိုးသည်းလာလေသည်။

■

mgyoe.com

mgyoe.com

# [ J ]

ဒေါ်ဒေါ်လှသည် သူ့ကိုကြည့်ကာ ရယ်လေသည်။

"ဒါဖြင့် အတာတို့နောက်ကို ကျွန်တော် လိုက်မသွားတော့ဘူး။ မဘုမနဲ့ တိုးနေဦးမယ်"

ညိုညိုအောင်ကို မဘုမဟု သူ ခေါ်သည်။ အတာတို့နှင့်အတူ စွန်လွှတ်ရန် ဝင်ခေါ်သည်။ ခပ်စောစောကပင် ညိုညိုအောင်ကားဖြင့် လာခေါ်၍ ကွင်းသို့ ပါသွားပြီဟု ဒေါ်ဒေါ်လှ ဖြေသည်။ လွန်ခဲ့သည့် သုံးပတ်ကျော်ကျော်က စွန်မျှားရာမှ စကားများခဲ့သည်တို့ကို ဒေါ်ဒေါ်လှသိပြီးဖြစ်သည်။ ထိုနေ့က အတာတို့ မောင်နှမကို အိမ်လိုက်ပို့ပေးသည်။ သူ သစ်ပင်အောက်တွင် ကျန်နေခဲ့သည်။ နာရီဝက်အကြာလောက်တွင် မိုးစဲသွားသည်။ မိုးစဲမှ ဒေါ်ဒေါ်လှတို့အိမ်သို့ ပြန်သည်။ မိုးရေဖြင့် ရွှဲနစ်နေသော သူ့ကို ဒေါ်ဒေါ်လှမြင်သောအခါ ဖြစ်မှုဖြစ်ရလေဟု ပြောသည်။ ငါ့တူကလည်း မာနအကြီးသားဟု ပြောသည်။ အတာတို့ ပြောပြ၍ အကြောင်းစုံသိပြီးဖြစ်သည်။ ဒေါ်ဒေါ်လှ ပြောပြ၍ ညိုညိုအောင့်အကြောင်း အနည်းအကျဉ်းသိသည်။ သိပ္ပံဘွဲ့ရပြီး မိဘလုပ်ငန်းလုပ်နေသူ။ သူ့မိခင်က စိန်ရွှေရတနာ ကုန်သည်။ ဖခင်က အစိုးရလုပ်ငန်းများတွင် တင်ဒါတင်သွင်းသူ ကုန်သည်။ ဒေါ်ဒေါ်လှတို့နှင့် ခင်မင်သိကျွမ်းသည်မှာ နှစ်နှစ်ကျော်ကျော် သုံးနှစ်ခန့် ရှိပြီ။ စွန်ပွဲတော်တွင် အတာတို့နှင့်သိကာ တရင်းတနှီးဖြစ်လာသူ။

mgyoe.com

mgyoe.com

ညိုညိုအောင်နှင့် သူနှင့် ဒေါ်ဒေါ်လှတို့အိမ်တွင် တစ်ခါမျှမဆုံဖူးခဲ့။

"ကျွန်တော် လိုက်တော့လိုက်သွားမယ် ဒေါ်ဒေါ်လှ"

ကွမ်းကြေးတက်နေသော သွားတွေပေါ်အောင် ဒေါ်ဒေါ်လှပြုံးသည်။

"ရန်တော့ ထပ်မဖြစ်ကြနဲ့ဦးနော်။ အတာတို့ ပြောပြလို့ မင်းကို သူသိသွားပြီပဲ"

"ဘာသိတာလဲ ဒေါ်ဒေါ်လှ"

"မင်းညီတွေက မင်းကို ပထဝီနဲ့ ဘွဲ့ရထားတာရော။ ကဗျာရေးတာရော၊ သီချင်းရေးတာရော၊ အနုပညာအသင်းမှာ ပြဇာတ်ကတာတွေရော။ လောလောဆယ် မဟာဝိဇ္ဇာတက်နေတာရော လျှောက်ပြောထားကြတယ်။ မင်းညီမ မိညိုက ဘာပြောတယ်မှတ်လဲ။ မမညိုတဲ့ အစ်ကိုလေးမှာ ရည်းစားလည်း မရှိဘူးတဲ့"

ဒေါ်ဒေါ်လှ၏ ပိန်ကပ်ကပ်ခန္ဓာကိုယ် လှုပ်သွားအောင်ရယ်သည်။

"ကျွန်တော် သူ့ကို စိတ်မဝင်စားပါဘူး ဒေါ်ဒေါ်လှရယ်"

စကားအဖြစ် ပြောခဲ့သည်မဟုတ်။ စိတ်ထဲတွင် ထိုအတိုင်း အမှန်ပင်ရှိလေသည်။ မျက်လုံးထဲတွင် ပြန်လည်မြင်ယောင်ကြည့်သည်။ ကိုယ်နေကိုယ်ဟန် သွယ်သွယ်။ ဖြူသော အသားအရေ။ သွယ်သောမျက်နှာကျရှင်းသည်။ ဆွဲစရာမလိုအောင် ကောင်းသော မျက်ခုံးနှစ်ဖက် ခပ်ဆက်ဆက်ရှိသည်။ နှာတံစင်းယောင်ယောင်ရှိ၏။ အင်အားရှိသော အကြည့်နှင့် ပီသသော မျက်လုံးအစုံကို ပို၍မှတ်မိသည်။ နှုတ်ခမ်းပါးပါးကိုလည်း ပြန်မြင်သည်။ ခါးအထောက်နှင့် ခေါင်း အပင့်အယမ်းတွင် ကျောတစ်ဝက်အထိ ဖြန့်ချထားသော ဆံပင်လှုပ်သွားသည်ကိုလည်း မြင်သည်။ ထက်မြက်သောစိတ်ဓာတ်နှင့် ကြက်ခေါင်းဆိတ်မခံ စိတ်ဓာတ်ရောနေသည်ဟု ထင်သည်။

ရှင်နဲ့ကျွန်မနဲ့ စွန်ဖြတ်တဲ့ ကိစ္စနဲ့ပတ်သက်ပြီး စကားများတာ များတာပဲ။ ဒါပေမဲ့ ရှင် ကားထဲဝင်ပြီးမိုးခိုပါဟု ဒုတိယစကားမပြောတတ်သူ။ စကားတစ်ခွန်းသာ ပြောတတ်သူဟု နားလည်သည်။

* * *

မွတ်နေအောင်လည်နေသည်။ ကြိုးစသိမ်းပြီး ရစ်ဘီးကို ချထားသည်။ နံပါတ်ကိုးလေးကောင်ပြတ်သွားပြီ။ နောက်တစ်ကောင် ယူလိုက်သည်။ လက်တစ်ဆစ်ကျော်ရှည်ထားသော ကျောရိုးဝါးခေါင်းကို ချိုးလိုက်သည်။ သွားဖြင့် ထက်ခြမ်းခွဲကာ စွန်ကြိုးပေါက်ထိုးသည်။ ရစ်ဘီးမှ ဆိုင်းကြိုးဖြတ်ကာ ချည်သည်။ ညှိပြီး ချည်လိုက်သည်။

mgyoe.com

mgyoe.com

ရစ်ဘီးမှ ကြိုးစနှင့် ခေါက်တုပ် တုပ်လိုက်ချိန်တွင် ပိန်တန်းဖိနပ်ဖြူဖြူကို ဘယ်ဘက်မှ မြင်လိုက်ရသည်။ ထိုင်နေရာမှ မော့ကြည့်လိုက်သည်။ ညိုညိုအောင်။

"ရှင် လေးကောင်တောင် ပြတ်သွားပြီနော်"

ပြုံးတော့ ပြုံးနေသည်။ မျက်ခုံးတစ်ဖက် ခပ်ပင့်ပင့်။

"ကျွန်တော် ဘာမှ အငြင်းမပွားပါဘူး"

သူ့ကိုကြည့်ကာ တစ်ချက်ရယ်သည်။ ထို့နောက် လေကြမ်း၍ ကစားလွန်းသော စွန်ကို တစ်ချက်နှစ်ချက် ထိန်းရင်း . . .

"ကျွန်မဖြတ်ပစ်လိုက်တဲ့ စွန်လေးကောင်အတွက် အလျော်လိုချင်ရင် ကျွန်မ ပြန်ပေးပါ့မယ်"

အခနဲ့စကားဟု သိသည်။ နိုင်သူ၏နှိမ့်ချစကား ကရုဏာစကားမှန်းသိအောင် တမင်ပြောသည်ဟု သိသည်။ လက်စားချေသော စကားဟုသိသည်။ ကိုယ်ကရှုံးနေ၍ ပြန်မပြောသာ။

"ကျွန်တော့်ကြိုးမှန်စာက မနှစ်က မှန်စာ ဒါကြောင့် ရှုံးတာ"

မတ်တတ်ရပ်နေရာမှ သူ့ဘေးတွင် ခဏထိုင်ကာ ရစ်ဘီးမှ ကြိုးတွေကိုစမ်းသည်။ ထို့နောက် ခေါင်းခါရင်း ပြန်ရပ်သည်။

"မှန်စာကြိုး မဆိုးပါဘူး။ ရှင် မလွှတ်တတ်လို့ ရှုံးရတာ"

မခံချင်စိတ်ကို ကြိတ်မှိတ်နေရသည်။ မခံချင်အောင် ရည်ရွယ်တာ စသောစကား။ သူ မဲ့ပြုံး ပြန်ပြုံးသည်။ ညိုညိုအောင်က ဆက်ပြောသည်။

"အဲသလောက် မှန်စာနဲ့ဆို ကျွန်မလွှတ်ရရင် ကျိန်းသေနိုင်ပါတယ်"

အောင့်သက်သက်ဖြစ်သွားသည်။ ညိုညိုအောင်ကို မော့ကြည့်လိုက်သည်။ ရှစ်ထောင့်ချိုး ဖီးရောင်နေကာမျက်မှန်ထဲက မျက်လုံးအစုံကို သူတစ်စိုက်ကြည့်သည်။

"ခင်ဗျားက စွန်ဗိုလ်ကျနေတာပဲ"

"စွန်ဗိုလ်တော့မဟုတ်ဘူး။ လေတံခွန် ဘုရင်မ။ ရှင်မယုံရင် ကျွန်မစွန်ကို ရှင်လွှတ်၊ ရှင့်ရစ်ဘီးနဲ့ စွန်ကို ကျွန်မပေး။ လဲလွှတ်ပြီး ဖြတ်ကြည့်ရအောင် လောင်းမလား"

သူ ထိုင်ရာမှ ထလိုက်သည်။ တစ်ပြုံးပြုံးသည်။ စိန်ခေါ်သံကြောင့် စိတ်နည်းနည်း ဆတ်သွား၏။

"လောင်းလေ ဘာကြေးလောင်းမလဲ"

ညိုညိုအောင် ဟက်ဟက်ပက်ပက်ရယ်သည်။ အတာတို့ကို သူ လှမ်းကြည့်သည်။

mgyoe.com

mgyoe.com

တစ်ခေါ်သာသာလောက်တွင် အတာတို့ မောင်နှမနှစ်ယောက် စွန်လွှတ်နေကြသည်။

"လောင်းလေ ခင်ဗျားကြိုက်သလို လောင်းပေါ့"

သူ တစ်ခါထပ်ပြောလိုက်သည်။ ရယ်ကျဲကျဲမျက်နှာနှင့် တစ်ချက်ကြည့်ပြီး သူ့ကို မေးသည်။

"ရှင် ကားမောင်းတတ်သလား"

ကိုယ်ပိုင်ကားမရှိသော်လည်း အဖေ၏ ရုံးကားကိုယူမောင်းရာမှ မောင်းတတ်ခဲ့သည်။ သူခေါင်းညိတ်ပြလိုက်သည်။

"လိုင်စင်ကော ရှိလား"

"ရှိတယ် အခုတော့ ပါမလာဘူး"

ညိုညိုအောင်သည် စွန်ကိုကြည့်ရင်း ပြောသည်။

"ရှင်ရှုံးရင် ရှင် ဒရိုင်ဘာလုပ်ပြီး ကျွန်မကို ကားမောင်းပို့ပေးရမယ်။ ဘယ့်နှယ်လဲ။ ဒရိုင်ဘာအဖြစ်ခံရေး လောင်းကြေးလေ"

"ကျွန်တော် နိုင်ရင်ကော"

"ရှင်သွားချင်တဲ့နေရာကို ကျွန်မ ဒရိုင်ဘာလုပ်ပြီး လိုက်ပို့ပေးမယ်"

"ကျွန်တော် အရက်ဆိုင်ကိုသွားရင်ကော"

"ရတယ်"

"ကလေကလွင့် အိမ်တွေကို သွားချင်ရင်ကော"

မျက်နှာနီသွား၏။ အပေါ်နှုတ်ခမ်းကို အောက်နှုတ်ခမ်းဖြင့် ခပ်ဖိဖိထားပြီး

"ရှင် အဲဒါတွေကို ဝါသနာပါသလား"

သူ ရယ်သည်။

"ကျွန်တော်မေးတာကို အရင်ဖြေပါဦး"

တစ်ခဏ တွေနေပြီးမှ

"ရတယ် လိုက်ပို့ပေးမယ်"

သူ မေးပြန်သည်။

"ကျိုင်းတုံကို သွားချင်ရင်ကောဗျာ"

စွန်ကို ပြန်ရစ်ချရင်း

"ဒီတစ်ညနေလောင်းတာ။ တစ်ညနေနဲ့ အသွားအပြန်မီမယ်လို့ ရှင် အာမခံရင်တော့ လိုက်ပို့ပေးမယ်။ ပြောမယ့်သာ ရှင်ပြောနေတာ။ ရှင် ရှုံးမှာသေချာပြီးသား"

mgyoe.com

mgyoe.com

"ကျွန်တော် ရှုံးရင် ကျွန်တော်က ဘယ်အထိ လိုက်ပို့ရမှာလဲ"

"အရက်ဆိုင်ကိုပေါ့ရှင့်"

သူပြုံးသည် အရွဲ့တိုက်ပြီး ပြောမှန်းသိသည်။

"ခင်ဗျား ဝါသနာပါတဲ့နေရာကို လိုက်မောင်းပို့ပေးရမယ်ပေါ့"

ညိုညိုအောင်၏ရယ်သံသည် ခပ်တိုးတိုး။

"အကောင်းပြောတာပါ။ ကျွန်တော် ရှုံးမှာသေချာရင် လိုက်ပို့ဖို့နေရာကို ခုထဲက စဉ်းစားထားရမယ်။ ခင်ဗျားအိမ်က ဘယ်နားမှာလဲ"

ရယ်သံပိုလွင်လာသည်။ ရယ်သံရောကာ

"သွယ်ဝိုက်ပြီးတော့ ကျွန်မအိမ်ကို စုံစမ်းတာတော့ မဟုတ်ပါဘူးနော်"

သူ ရှက်သွားသည်။

"ဝေးပါသေးရဲ့"

"ကျေးဇူးတင်ပါတယ်ရှင်"

ထေ့ထေ့ငေါ့ငေါ့ အပြော။

"ခင်ဗျာ့အိမ်ကို သိချင်ရင် အတာတို့ကို မေးလိုက်ရုံပေါ့"

"အဲဒီအထိ ရှင် စဉ်းစားထားပြီးသားကိုး"

သူ့မျက်နှာ နီတွေးတွေးဖြစ်သွားသည်ကို ညိုညိုအောင်မြင်သည်။

"ကျွန်တော် စကားပမာ ပြောတာ"

"တော်ပါသေးရဲ့"

တစ်ခွန်းထပ်၍ ထိသည်။ ညိုညိုအောင်ကို စွန်ကိုပြန်ချသည်။ ဆယ့်လေးငါးကိုက်အရောက်တွင် လေတဗိုးဗိုးတိုက်နေ၍ စွန်သည် ဘယ်ညာထက်အောက် လူးနေ၏။ ရစ်၍ချရင်း စွန်ကို ဖမ်းလိုက်သည်။

"တစ်ခုတော့ရှိတယ်။ ရှင်ရှုံးရင် ရှင့်အိတ်ထဲမှာ ပိုက်ဆံတစ်ပြားမှ ယူမလာရဘူး။ ကျွန်မကို လိုက်ပို့ပြီး ရှင်ပြန်ရမှာ"

"ကုန်းကြောင်းလျှောက်ပြီး ပြန်ရမယ်ဆိုတဲ့သဘောပေါ့"

မျက်နှာထားတည်တည်နှင့်ခေါင်းညိတ်သည်။ ကတ်ကတ်သတ်သတ် လောင်းကြေးပါလားဟု တွက်သည်။ ညိုညိုအောင်အမည်ရှိသော ထိုမိန်းကလေးသည် စိတ်တစ်မျိုးပါလားဟု တွေးမိသည်။

"ဘယ့်နှယ်လဲ"

mgyoe.com

mgyoe.com

အကြည့်က ရှင် ကြောက်သွားပြီလားဟူသော အကြည့်မျိုး။

"ကောင်းပြီလေ"

"ဒါဖြင့် ရော့၊ ပေး ရှင့်ရစ်ဘီး"

အရှေ့ဘက်သို့ သူလျှောက်သွားသည်။ ဝါးနှစ်ရိုက်အကျော်လောက်တွင် စွန်ကို တင်လိုက်သည်။ တရှဲရှဲမြည်သံနှင့်အတူ စွန်သည်လည်ကာ ထောင်ကာ တက်သွား၏။ ထိုအချိန်အထိ ညိုညိုအောင်စွန်မတင်သေး။ သူ့ကိုလှမ်းကြည့်သည်။ ခေါင်းတစ်ချက် ဆတ်ကာ စွန်ကို ညာဘက်သို့ ပြောင်းကိုင်သည်။ ရစ်တံကို ဘယ်လက်တွင်ဆကာ ကြိုးလျှော့ယူပြီး စွန်စမ်းသည်။ မကြိုက်သောကြောင့် အမြီးဆိုင်းကြိုးနှစ်ပတ်တင်းသည်။ ထို့နောက် ပြန်တင်သည်။ စွန်ကြိုးကိုကိုင်ထားရာမှ ရစ်ဘီးသို့ လက်ရွှေ့သည်။ ညိုညို အောင်စွန်သည် တရိပ်ရိပ်တက်သွား၏။ ထိုအချိန်တွင် သူ့စွန်သည် ကိုက်လေးငါးရာ အမြင့်တွင် ရောက်လျက်ရှိ၏။ ခဏချင်းပင် အမြင့်တူသို့ ရောက်သွား၏။

"ဘယ့်နှယ်လဲ မျှားတော့မလား"

သူ့ကို လှမ်းပြောသည်။

"မျှားဗျာ"

ညိုညိုအောင် ရစ်ဘီးက လက်အဆပိုကောင်းသည်ထင်၏။ ကျွန်းသား။ အစပ်မရှိ။ သူ့ရစ်ဘီးက အနည်းငယ်လေးသည်။ ညိုညိုအောင့်စွန်သည် နံပါတ်ကိုး။ သူ့စွန်က တောင်ပံနီ။ နံပါတ်ကိုးသည် ဆွဲကြိုး၊ တောင်ပံနီသည်လည်း ဆွဲကြိုး။ လျှော့ဖြတ် ဆွဲဖြတ်ဆန့်ကျင်ဘက်မဟုတ်၍ စည်းလုရပေမည်။ နံပါတ်ကိုးသည်လည်ကာ ဝေးတက် သွား၏။ သူလည်း လျှော့သည်။ နံပါတ်ကိုးအောက်သို့ရောက်အောင် ဘယ်တစ်ချက် သိမ်းကြည့်သည်။ တောင်ပံနီသည် အပေါ်စည်း။ ကြည့်နေစဉ်တွင် တောင်ပံနီ အလည် ရပ်ကာ ဦးစိုက်သည်။ သတိထားမိ၍ လွတ်အောင်ရှောင်ရန် စွန်ဦးခေါင်း ဘယ်ညာ ကိုရွေးသည်။ ညာဘက်အောက်မှ ကွေ့ထွက်မည်အပြုတွင် နံပါတ်ကိုးလာထိ၏။ အခြေအနေမပေးတော့သောကြောင့် ခေါင်းပြန်ထောင်ကာ ဆွဲသည်။ ဆွဲတင်စတွင် လက်ညှိုးရစ်အား အားမကောင်းသေး။ စွန်ကိုလေတိုးသောကြိုး တင်းနေသော ခံစား သိရှိမှု ပျောက်သွားသည်။ ထောက်ခနဲပြတ်သွားပြီဟု သိလိုက်သည်။ တောင်ပံနီသည် လွင့်ပစ်လိုက်သလို လန်ကာ လွင့်သွားပေပြီ။ ရှုံးပြီဟုသိသိချင်း လှည့်ကြည့်လိုက်၏။

ညိုညိုအောင် ပြုံးသည်။ စွန်ကိုပြန်ရစ်ကာ ချနေသည်။ ကြိုးတွေပြန်ရစ်ရင်း စိုးရိမ် လာ၏။ ဒုက္ခပဲ။ ဒီအမျိုးသမီးကပြောတဲ့အတိုင်း တကယ်ခိုင်းတော့မှာ။ ဘယ်အထိလိုက်

mgyoe.com

mgyoe.com

ပို့ပြီး ဘယ်ကနေ ဘယ်လိုကုန်ကြောင်းပြန်ရမလဲ မသိဘူးဟု တွေးရင်း ကြိုးစသိမ်းသည်။ ရစ်ဘီးကိုကိုင်ကာ ညိုညိုအောင့်ထံသို့ သူလျှောက်သွားသည်။ သူ မရောက်မီပင် နံပါတ်ကိုးကို မြေသို့ပြန်ချပြီးပေပြီ။

"ဘယ့်နှယ်လဲ ကျွန်မပြောတော ဟုတ်တယ်မဟုတ်လား။ ရှင် ဘာအကြောင်းပြပြ ရှုံးတာကတော့ ရှုံးတာပဲမဟုတ်လား"

သူ ပြုံးလိုက်သည်။ နာလိုခံခက်ဖြစ်နေသည်။

"ကဲ . . . ဘယ်လိုက်ပို့ရမလဲ ပြော"

"အသံကလည်း ဒေါသသံကြီး"

လှောင်ပြောပြောသည်။ ထို့နောက် . . .

"စွန်လွှတ်လိုက်ဦးမယ်။ စောင့်ဦးပေါ့။ ကျွန်မကို နိုင်နိုင်မယ့် စွန်တွေနဲ့ မှားရဦးမယ်။ ရှင်နဲ့တော့ မမှားတော့ဘူး။ လက်ပျက်တယ်"

သူ အားပါးတရရယ်ရင်း ခေါင်းညိတ်သည်။

"ဒါပေါ့ဗျာ . . .လေတံခွန်ဘုရင်မဘွဲ့ရထားသူကိုး"

စွန်လွှတ်ရင်း အချိန်ဖြုန်းနေရသည်။ ကနေ့မှ ရှုံးလိုက်သည့် စွန်။ တခြားစွန်တွေနှင့် လျှောက်ဖြတ်သည်။ တစ်ကောင်ရှုံး တစ်ကောင်နိုင်ပင် မရှိတော့။ ညိုညိုအောင်ဘက်သို့လှမ်းကြည့်သည်။ ဖြတ်တိုင်းနိုင်နေသည်။ အံ့သြစရာ။ ကျင်လည်လှသည်။ အချို့သူတွေကဲ့သို့ နောက်ပြန်ပြေးမတတ် ဆုတ်တာမျိုးမရှိ။ အလွန် တစ်လှမ်းနှစ်လှမ်းသာ တိုးသည်၊ ဆုတ်သည်။ ရစ်ဘီးကိုင်ဟန်၊ လျှော့ဟန်တင်းဟန်တွေ ပိရိသေသပ်လှသည်။ လျှော့နေရာမှ အရှိန်သတ်ဟန်၊ ကြိုးမရစ်လျက် ဘယ်ညာထက်အောက် လေဟုန်စီးခိုင်းဟန်တွေအပြည့်။ စွန်ရာသီ စွန်ပွဲတော်တွင် အမျိုးသမီးတွေ လာလွှတ်ကြသည်မှာ မျက်မြင်။ ညိုညိုအောင်ကဲ့သို့ မှင်မောင်းဟန်ပန်မျိုးမတွေ့ဖူးခဲ့။ လျင်မြန်ဖျတ်လတ်မှုမျိုး မရှိကြ။

* * *

"ဒါဖြင့် အစ်ကိုလေး ကုန်ကြောင်းပြန်ရမယ်ပေါ့"

ရယ်၍ ခေါင်းသာညိတ်ပြလိုက်သည်။ အတာက ညိုညိုအောင့်ကို ကြည့်သည်။ ညိုညိုအောင် ပြုံးသည်။

"အတာတို့အစ်ကို ရှုံးတာကိုး။ သူ နိုင်ရင် သူသွားချင်ရာကို မမညို တစ်ညနေလုံး

mgyoe.com

mgyoe.com

လိုက်ပို့ရမှာကွ"

ညိုညိုက ညိုညိုအောင့်ကို မော့ကြည့်ရင်း . . .

"အစ်ကိုလေးကို လမ်းစရိတ်ပိုက်ဆံ ယူသွားခွင့်ပေးရင် ကောင်းမယ်။ မမညိုတို့ နှရဏီရိပ်သာကနေ အိမ်ကို ကုန်းကြောင်းလျှောက်ရရင် ည သန်းခေါင်လောက်မှ အိမ်ပြန်ရောက်မှာ"

ညိုညိုအောင့် နေရာကိုသိရသည်။ ညိုညိုပြောသလောက်တော့ မကြာ။ လေးနာရီ ငါးနာရီသာသာ လမ်းလျှောက်ရမည်ကား သေချာသည်။

"ရောက်ရောက်ပေါ့ကွယ်။ သူ ဘာလို့လောင်းသေးလဲ"

ညိုညို၏မျက်နှာ ညှိုးသွားသည်။ အစ်ကိုဖြစ်သူအတွက် သနားသွားဟန် တူသည်။

"ကဲ . . . ဒရိုင်ဘာ အိတ်ထဲက ပိုက်ဆံတွေပေးပါ။ ဒီမှာ ကားသော့"

ငါးရုပ်ကလေးနှင့် တွဲထားသော ကားသော့ကိုလှမ်းယူသည်။ အိတ်ထဲမှ ဒိုင်ယာရီ စာအုပ်၊ အစိတ်တန်တစ်ရွက်နှင့် ကျပ်တန်လေးရွက်ကိုထုတ်သည်။ အကြွေတွေကိုပါ အကုန်ထုတ်ပေးလိုက်သည်။ ညိုညိုအောင် လှမ်းယူပြီး အတာဘက်သို့ကမ်းကာ

"ရော့ . . . အတာ မင်းသိမ်းထား။ ဒိုင်ယာရီကိုတော့ ရှင်ပြန်ယူ" ဟု ပြောသည်။ ဒိုင်ယာရီကိုယူပြီး အိတ်ထဲပြန်ထည့်ချိန်တွင် . . .

"ဒီနေ့ အလောင်းအစားရှုံးတာ မှတ်လို့ရအောင်"

သူ နှုတ်ခမ်းတွန့်ပြလိုက်သည်။

"ကဲ . . .အတာတို့ လာ။ ကားပေါ်တက် နောက်ခန်းက စီးရအောင်။ ဒီနေ့ မမညို ဒရိုင်ဘာတစ်ယောက် ငှားလာတယ်"

ပြုံးရယ်ခြင်းမရှိစွာ ပြောသည်။ ကလေးနှစ်ယောက်က ရယ်နေသည်။ ကလေး နှစ်ယောက်၏အလယ်တွင် အကျအနထိုင်ကာ ရှေ့ခန်းသို့ သူအဝင်ကို စောင့်နေ၏။ သူ ဝင်ထိုင်ပြီး တံခါးအပိတ်တွင် . . .

"ဩော် သတိပေးထားရဦးမယ်။ ကလေးတွေပါလာတယ်။ တစ်နာရီကို မိုင် သုံးဆယ်ထက် ကျော်မမောင်းရဘူးနော်။ ဒါစည်းကမ်းချက်။ စွန်စည်းကမ်းဖောက်ဖျက် လို့ အရေးယူခံရပြီးပြီနော်။ ယာဉ်စည်းကမ်း ဖောက်ဖျက်ရင် အရေးယူခံရဦးမယ်"

သော့ဖွင့်ပြီး စက်နှိုးလိုက်သည်။

"ကျွန်တော့်လိုင်စင် အိမ်မှာ ကျန်ခဲ့တာ ပြောပြီးသားနော်။ ခု ခင်ဗျား မောင်းခိုင်းလို့"

mgyoe.com

mgyoe.com

"ကျွန်မ မောင်းခိုင်းတာမဟုတ်ဘူး။ ရှင် ရှုံးလို့ ဒရိုင်ဘာလုပ်ရတာ။ ယာဉ်ထိန်းရဲနဲ့တွေ့ရင် ရှင့်ဘာသာရင်ဆိုင်။ ကျွန်မ မသိဘူး ဒါပဲ"

ပြောသံဆိုသံ ခပ်မာမာ။ မြို့စွန်မှာတော့ အစစ်ဆေးခံချင်မှ ခံရမယ်။ မြို့ နယ်နိမိတ်ထဲ ဝင်ရင်တော့ မလွယ်ကြောပဲ။ လျှပ်တစ်ပြက် စစ်ဆေးမှုတွေကလည်း ခုတလောလုပ်နေလိုက်တာ နေ့တိုင်း၊ နေရာတိုင်း ပြဿနာပဲ။ ဒီအမျိုးသမီး တော်တော်ဆိုးတာပဲ။ ငါ့ကို ပြဿနာ မပေါ် ပေါ်အောင် ဖန်တီးနေပြီနဲ့ တူတယ်။ လွတ်တယ်ပဲထား။ နရဏီရိပ်သာဆိုတာ တသီးတသန့်ရပ်ကွက်။ ကားဂိတ် ရောက်အောင်ပဲ မနည်းလျှောက်ရမယ်။ ကားဂိတ်တဲ့။ ဘတ်စ်ကားခ ယူမှမယူရတာ။ ခြေကျင်လျှောက်ပေရော့။ ငါကလည်း အလောင်းအစားပြုမိလိုက်တယ်။ လျှော့တွက်လို့ ခံရတာပဲဟု တွေးရင်း ဂီယာသွင်းသည်။

"အတာတို့ကို အရင်လိုက်ပို့ရမယ် ဒရိုင်ဘာ"

ဒရိုင်ဘာဟု ခေါ်သည်ကိုမခေါ်နဲ့ဟု တားမည်ကြံသည်။ မနှစ်သက်မှန်းသိလျှင် တစ်ခွန်းခြား ခေါ်ချင်ခေါ်နေဦးမည်။ မြေနီလမ်းပေါ်သို့ ကားအရောက်တွင် . . .

"ကားမောင်းတာတော့ မဆိုးပါဘူး"

ရွှတ်နောက်နောက်လေသံဖြင့် ပြောသည်။ နောက်ကြည့်မှန်မှ တစ်ဆင့် ကြည့်သည်။ မျက်လုံးချင်းအဆုံတွင် ရယ်သည်။ အတာတို့ မောင်နှမက သဘောကျစွာ ရယ်လိုက်ကြသည်။ သုံးလေးမိနစ်အကြာတွင် အတာတို့ လမ်းထိပ်သို့ရောက်သည်။ ကတ္တရာလမ်းတစ်ဝက် အကျော်တွင် အတာတို့ အိမ်ရှေ့သို့ ရောက်၏။ အတာတို့ မောင်နှမနှစ်ယောက်က တံခါးဖွင့်ကာ ဆင်းကြသည်။ ညိုညိုအောင်ကပါ လိုက်၍ဆင်းသည်။ သူ့ဘေးနားတွင် လာရပ်သည်။

"ကားသော့ဖြုတ်လိုက်ပါ ဒရိုင်ဘာ"

စက်သတ်ပြီး သော့ပေးလိုက်သည်။ ထို့နောက် သူတံခါးဖွင့်ကာ အပြင်ထွက်သည်။

"ဒီနေ့ ကျွန်မ သွားစရာရှိတယ်။ ကြွေးတစ်ဝက်ကို နောက်မှဆပ်"

သူ မဲ့ပြုံးသာ ပြုံးလိုက်သည်။

"ရပါတယ် ကျွန်တော် လမ်းလျှောက်နိုင်ပါတယ်။ လူတစ်ယောက်ကို ညှဉ်းဆဲရမှ အိပ်ပျော်မှာမဟုတ်လား"

ခေါင်းခါသည်။ တံခါးဖွင့်ကာ ဝင်ထိုင်သည်။ တံခါးပြန်ပိတ်သည်။ သော့တပ်ပြီး ကိုယ်ကိုစောင်းကာ မော့ကြည့်၏။ စက်နှိုးသည်။ ဘီးအလိုမှ့တွင် ရယ်သည်။

mgyoe.com

mgyoe.com

"ခြေကျင်ပြန်ရမှာတွေးပြီး တော်တော်စိတ်ညစ်သွားတယ် ထင်တယ်။ ရှင့်ကို သနားလို့ ဟင်း . . . ဟင်း"

ကားထွက်သွားတော့မှ ခြံဝတွင်ရပ်နေသူ အတာတို့မောင်နှမက အော်ဟစ်လက်ပြကာ နှုတ်ဆက်ကြသည်။ အိမ်အပေါ်ထပ် လသာဆောင်မှ ကြည့်နေသော ဒေါ်ဒေါ်လှ ပြုံးနေ၏။

■

mgyoe.com

mgyoe.com

# [ ၃ ]

ဌာနစာကြည့်တိုက်မှ ထွက်လာပြီး အောက်ထပ်သို့ ဆင်းသည်။ စာသင်ခန်းတွင် စာသင်ရတော့သည်မဟုတ်၍ ယောင်ချာချာဖြစ်နေသည်။ ကျမ်းပြုနှစ်သည် အနေရ အထိုင်ရဖွယ်နေသည်။ သုံးနှစ်အတွင်း ကျမ်းတင်ပြီးလျှင် ပြီးပြီ။ ကွင်းဆင်းလိုက်၊ မှတ်စု တင်လိုက်၊ အကိုးအကားရှာလိုက်၊ ပါမောက္ခနှင့်ဆွေးနွေးလိုက်၊ ကြီးကြပ်သူနှင့် တိုင်ပင်လိုက်။ ဤသို့ဖြင့်ပင် အချိန်ကုန်ကုန်လာသည်။ အခန်းလိုက်တင်ရန် တစ်ခန်းစာ အတွက်ပင် အချောမသတ်ရသေး။ ဤရော ဤရောဖြစ်နေသည်။ အိမ်ပြန်ရကောင်းနိုး တစ်နေရာရာထိုင်ရနိုးနှင့် အောက်သို့ ရောက်လာသည်။ ယုဒသန်စားသောက်ဆိုင်တန်း သို့ သွားမည်စိတ်ကူးသည်။ စင်္ကြံဘက်သို့ ခြေဦးတည်လိုက်သည်။ ကျောင်းသူ ကျောင်းသား အသွားအလာများနေသည်။ စင်္ကြံလှေကားထစ်ကို နင်းလိုက်၏။ အပန်းဖြေ ရိပ်သာဘက်တွင် ကျောင်းသူကျောင်းသား ဖြတ်သန်းသွားလာ များနေသည်။ ဆယ့်နှစ်နာရီ မတိုင်မီအချိန်တွင် စည်ကားမြဲ ထုံးစံအတိုင်း။ စင်္ကြံတစ်လျှောက် မျက်နှာချင်းဆိုင် လာသူများနှင့်ရှောင်ကာ ဆိုင်းကာ လျှောက်ရသည်။ အုပ်ဖွဲ့ကာ အသွားနှေးသော ကျောင်းသူများကို ကျော်တက်ရန်စောင့်ရသည်။ အပန်းဖြေရိပ်သာ၏ အနောက်ဘက် စင်္ကြံတိုက်ကို လွန်လာသည်။ ဒုတိယစင်္ကြံတိုက်ကို အလွန်တွင် အနုပညာအသင်း ရုံးခန်း ဘက်သို့ ကြည့်သည်။ တရုတ်ကပ်တွေအားလုံး ဖွင့်လျက်သား ရှိသည်။

mgyoe.com

မရည်ရွယ်သော်လည်း ခြေကွေ့သွားလေ၏။

* * *

အခန်းထဲတွင် ဆိုင်းအဖွဲ့က ကျောင်းသားတွေစစ်တုရင် ထိုးနေကြသည်။ အနောက်ဘက် စားပွဲရှည်တွင် ယိမ်းအဖွဲ့မှ ကျောင်းသူသုံးယောက် စကားပြောနေကြသည်။ ကိုစောလွင် ဘယ်သွားလဲဟု သူမေးသည်။ မြသက်ရည်က စောစောတုန်းက ရှိပါသေးတယ်။ ထိုင်လေ ကိုအောင်ဇော် ဟုပြောသည်။ ခေါင်းရင်းဘက် ရေဘုံဘိုင်အနီးရှိ ပက်လက်ကုလားထိုင်တွင် သူသွားထိုင်သည်။ မြသက်ရည်ပြောသည်။

"ကိုအောင်ဇော် ကိုအောင်ကျော်စိုး ရောက်နေတာ သိပြီးပြီလား"

အံ့အားသင့်သွားသည်။ ကိုအောင်ကျော်စိုးသည် မကွေးတွင် အခြေကျနေသည်။ ရှေ့နေ။ အနုပညာအသင်းသားဟောင်း။ ပွဲလမ်းသဘင်ရှိပြီဆိုလျှင် ချက်မြုပ်ရာအရပ်မှာ မည်သို့မျှ နေမရ။ ပွဲလမ်းသဘင် နှစ်ခြားနေလျှင်လည်း မကွေးမှာ ဂနာမငြိမ်။

"ဟုတ်လား ဘယ်တုန်းက ရောက်နေလဲ"

မူမူခင်က ဝင်ဖြေသည်။

"ဒီနေ့မနက်က ရောက်တာ။ မနက်တုန်းက ကိုအောင်ကိုတို့အိမ် သွားမယ်ဆိုပြီး အစောကြီးသွားတာပဲ။ ညနေတော့ ပြန်ရောက်မှာပါပဲ"

"သူဘယ်မှာတည်းလဲ မူမူ"

မူမူခင်က ရယ်သည်။

"ဘယ်မှာတည်းမလဲ၊ ဒီမှာပဲ တည်းတာပေါ့"

သူပြုံးမိသည်။

"သောင်းဟန်ကော"

"ခုနတုန်းကတော့ စန္ဒရားခန်းထဲမှာ။ ခု ရှိမရှိတော့ မသိဘူး"

မြသက်ရည်က ပြောပြသည်။

"သောင်းဟန် အိမ်ပေါ်ပြန်တက်သွားပြီလား"

မြသက်ရည် ရယ်သည်။

"သုံးနှစ်သုံးမိုးပြည့်မှ ပြန်တက်မယ်ပြောတာပဲ"

ကျောင်းသူတွေက ရယ်လိုက်ကြသည်။ တစ်ယောက်စရိုက်တစ်မျိုးပါလားဟု အောက်မေ့သည်။ သောင်းဟန်သည် အနုပညာအသင်းသားဟောင်း။ အသင်းနှင့် ဆိတွေ့မှု

mgyoe.com

mgyoe.com

နေ့စဉ်ရှိသည်။ သူကမှ အဆက်ပြတ်ချင် ပြတ်တတ်သည်။ ကျောင်းပြန်တက်ခွင့် မရ၍ တက်ခွင့်စောင့်ရင်း အသင်းတွင် အချိန်ပြည့်အလုပ်လုပ်သည်။ သူ့အိမ်က အလုပ်တစ်ခုခု လုပ်ခိုင်းသည်။ မလုပ်။ တီးမှုတ်ကခုန်သောအလုပ်ကို အချိန်ပြည့်နှစ်ကာ နေခြင်းကို အိမ်က သဘောမကျ။ စကားအဆီအငေါ်မသင့်၍ အိမ်မှဆင်းကာ အသင်းတွင်လာ နေသည်။ အသင်းကိစ္စအားလုံးကို မညည်းမညူတာဝန်ယူသည်။

"ဟေး . . . ကိုအောင်ဇော်"

တရုတ်ကပ်အပြင်မှ နှုတ်ဆက်ခေါ်သံ။ နှစ်ယောက်။ သူ ကြည့်လိုက်သည်။ အောင်ကျော်စိုးနှင့် အောင်ကို။ ကုလားထိုင်မှ ထကာ အပြေးသွားလိုက်သည်။

"ကိုအောင်ဇော် အပြေးလိုက်။ ထွက်ပြေးသွားမှာ စိုးရတယ်"

မူမူခင်က နောက်မှ လှမ်းနောက်သည်။ လှည့်၍ရယ်ပြရင်း တံခါးပေါက်သို့ သူ သွားသည်။

* * *

စားပွဲနှစ်လုံးဆက်မှ ဝိုင်းတစ်ဝိုင်းဖြစ်တော့သည်။ စိန်မြင့်နှင့် တင်ဝင်းတို့က အရောက် နောက်ကျသည်။

"ဘယ့်နှယ် အပေါင်းအသင်း။ မနေ့က ရောက်တယ်ဆို"

တင်ဝင်းက အောင်ကျော်စိုးဘေးတွင် သွားရပ်သည်။ မေးရင်းနှင့် ပခုံးဖက်သည်။ ထိုင်နေသော အောင်ကျော်စိုးထက် တင်ဝင်း၏ဦးခေါင်းက အနည်းငယ်မြင့်သည်။ အောင်ကျော်စိုးက ချွန်းတွန်းတွန်းမေးကို လက်ဖဝါးဖြင့်ပွတ်သည်။ မကြားယောင်ပြုကာ တမင်နေပြ၏။ တင်ဝင်းက အောင်ကျော်စိုး လည်ပင်းအစ်အောင် တအားညှစ်သည်။ အောင်ကျော်စိုး တအီးအီးသာအော်ပြီး မရုန်းမဖယ်။

"ပစ်ဂမိဘာသာနဲ့ လည်ပင်းညှစ်ပြီး အရိုအသေပေးတာပါ"

စိန်မြင့်က ဆေးပေါ့လိပ်ခဲသံဖြင့် နောက်လေသည်။ တင်ဝင်းက အရပ်ပုလွန်းသည် ကို နောက်ပြောင်ပြောမှန်းသိ၍ ခပ်ကြမ်းကြမ်း တစ်ချက်ညှစ်ပြီးမှ ခွေးခြေယူထိုင်၏။

"မနေ့ကရောက်တာ မင်းတို့ ဘာလို့ မနေ့က အစာစားမရောက်သလဲ။ ဆိုစမ်း"

ဓာတ်လေပြက်ဖြင့် ပြောလိုက်သည်။

"မနေ့က ရုံးမှမတက်တာ"

တင်ဝင်းက ပြောသည်။

mgyoe.com

 mgyoe.com 

စိန်မြင့်က

"သူငယ်ချင်း . . ."

အောင်ကျော်စိုးက ဟင် ဟု အသံပြုကာ . . .

"ပြောစမ်း၊ မင်း ဘာပြောချင်သလဲ"

စိန်မြင့်က ပြောင်စပ်စပ်မျက်နှာထားနှင့်

"ရွှေမန်းဂုဏ်တင်ဇာတ်က ငှားထားတဲ့ လူရွှင်တော် တောင်ရှည် လာတောင်းနေလို့"

သုံးလေးနှစ်လောက်က အကြောင်းကိုဖော်ကာ ရယ်စရာပြောသည်။ အနုပညာအသင်း ကပွဲတစ်ခုတွင် လူရွှင်တော် တောင်ရှည်ပုဆိုးတစ်ထည်လိုနေသည်။ အောင်ကျော်စိုးက ရွှေမန်းဂုဏ်တင်ဇာတ် မန်နေဂျာထံသွား၍ ငှားသည်။ ကပွဲအပြီးတွင် တောင်ရှည်ပုဆိုးပျောက်သွားသည်။ အပြန်ကားပေါ်မှာ ကျန်ခဲ့သလား၊ လမ်းကျခဲ့သလား မသိ။ ပြန်ပေးရမည့်အချိန် လွန်လာသောအခါ ဇာတ်မန်နေဂျာလိုက်လာသည်။ လကုန်ရက်ဖြစ်၍ ငွေကျပ်နေကြသည်။ အလျော်မပေးနိုင်၍ ဟိုလိုလိုဒီလိုလို နေလိုက်ရသည်။ ဇာတ်မန်နေဂျာက လာရဖန်များ၍ လက်လျှော့သွားတော့သည်။

"နောက်တစ်ခါငှားရင် နှစ်ထည်ငှားပါလို့ မင်းပြောလိုက်ကွာ"

ဝါးခနဲ ရယ်လိုက်ကြသည်။ ရယ်သံစဲတော့မှ အောင်ကိုက စကားပြန်ကောက်လိုက်သည်။

"ဆိုပါဦး ဇာတ်လမ်းက"

"ဘယ်ရောက်သွားပြီလဲ"

အောင်ကျော်စိုးက စကားစကိုမေ့သွား၍ မေးသည်။ ထိုအခိုက် "မင်းကြီးတော်မပု အိမ်ရှေ့ရောက်ပြီလေကွာ"ဟု တင်မောင်ဌေးက ဝင်နှောင့်သည်။ "ဟာ . . . ခင်ဗျားကလည်း စကားစရှာမရတဲ့အထဲ" ဟု အောင်ကိုက ဟန့်သည်။ ဩော် . . . အင်း . . . အင်း သတိရပြီဟု အောင်ကျော်စိုးက ပြောသည်။

"အဲသလို အထင်မှားသွားတယ်ဗျာ။ ဒါနဲ့ ဖြူဖြူက ထွန်းဇော်ကို စွန့်ပစ်သွားတယ်။ ဒီအချိန်မှာ ထွန်းဇော် ကြိုးစားရင်း ဘွဲ့ရတယ်။ မဟာဝိဇ္ဇာတက်ပြီး နည်းပြဆရာဖြစ်တယ်။ အဲဒီအတွင်းမှာ သင်းသင်းနဲ့ဆုံတယ်။ သင်းသင်းနဲ့ ချစ်သွားတယ်ဆိုပါတော့။ ရှေ့ပိုင်းက ပြထားရမှာက သင်းသင်းနဲ့ ဖြူဖြူနဲ့သိတယ်။ မတည့်တာကိုတော့ အကြောင်းပြချက်တစ်ခုခု ခင်းထားရမှာပေါ့ကွာ။ သင်းသင်းနဲ့ ထွန်းဇော် ချစ်တဲ့နေ့။ အဲ . . .

mgyoe.com

mgyoe.com

အဖြေပေးတဲ့နေ့မှာ ဖြူဖြူက ထွန်းဇော်ဆီကိုလာပြီး အထင်မှားမိတာကို တောင်းပန်တယ်။ ဝန်ချတယ်။ သူ့အစ်မကြောင့် အထင်မှားရကြောင်း ပြောပြီး ဇာတ်အရှုပ်ကိုဖြေမယ်"

အောင်ကျော်စိုးက ရေနွေးကြမ်းတစ်ငုံငုံကာ အာဆွတ်သည်။ ဆေးပေါ့လိပ်မီးညှိပြီး တစ်ဖွာနှစ်ဖွာ ဖွာနေစဉ် . . .

"အဲဒီတော့"

အောင်ကိုက မေးသည်။ တင်ဝင်းကဖြတ်ပြီး မေးသည်။

"ဟော့လူ . . .ဖြူဖြူက ဝင်ချတာ ထွန်းဇော်ကို ဘာနဲ့ချလဲ။ တုတ်နဲ့လား လက်နဲ့လား"

"မင်းနဖူးကို ကဲ မှတ်ပြီလား"

အောင်ကျော်စိုးက မျက်လုံးပြူးကာ ငေါက်ပြောပြောသည်။ ရယ်သံတွေကြားတွင် စိန်မြင့်က တဟစ်ဟစ်ချဲ့၍ တမင်ရယ်သည်။

"ငသတ်မဟုတ်ဘူးကွ။ နသတ်။ သတ်ပုံလည်း နားမလည်ဘဲနဲ့။ ကြက်သားနဲ့ ပဲဟင်းရောချက်ရင် နင်ဘာနဲ့ ရေးမလဲ။ ပြီးတော့ ဘဲသားနဲ့ ပဲကိုရောချက်ရင် နင် ဘာနဲ့ရေးမလဲ။ ဒီနေ့လည်း ပဲဟင်းပဲချက်သလား။ တစ်နေ့လည်း ပဲ၊ တစ်နေ့လည်းပဲ ပဲ။ ပဲပဲမြည်တဲ့ဆိတ်ကလေး။ ရေးစမ်းမှန်ရင် ငါ့ဆဲကွာ။ အင်း ထားပါတော့"

ထားပါတော့ အာလုပ်စကားသည် အောင်ကျော်စိုး၏နှုတ်ခလေ့။

"ထားပါတယ် . . .ထားပါတယ် . . . ဆက်ကွာ ဆက်"

တင်မောင်ငွေက မျက်မှန်ကို ပုဆိုးခါးပုံစဖြင့် သုတ်ရင်း ရင်ခေါင်းသံအာအာဖြင့် ပြောသည်။ အောင်ကျော်စိုးက ပါးစပ်အဟောင်းသား ထားနေရာမှ

"ထားပါတော့ . . . ထွန်းဇော်ဆုံးဖြတ်လိုက်ရတယ်။ ဖြူဖြူကို ခွင့်လွှတ်ကြောင်း ပြောတယ်။ ဒီအခါ ဖြူဖြူက အရင်လို သဘောထားမထား မေးတယ်။ ထွန်းဇော်က အကြောင်းစုံပြောလိုက်ရတယ်။ ဖြူဖြူလွမ်းခန်းပေါ့ကွာ။ သင်းသင်းနဲ့ ပေါင်းတယ်။ ဒါပဲ။ ဘယ့်နှယ်လဲ ကိုအောင်ကို"

အောင်ကိုက ငှက်ပျောပင်အုပ်ဆီသို့ ငေးကြည့်နေသည်။ ဇာတ်လမ်းခြုံငုံပြီး စဉ်းစားကြည့်နေဟန်ရှိ၏။ စကားဝိုင်းသည် တစ်ခဏတိတ်သွားသည်။ အခြားအခြားသော စားပွဲဝိုင်းတွေက အသံမှာ တစ်ချက်တစ်ချက်မှသာ။ လက်ဖက်ရည်ဆိုင်တွင် လူပါးစပြုချေပြီ။

"ဇာတ်က မင်းသမီးဇာတ်ပေါ့။ ဟုတ်လား ကိုအောင်ကျော်စိုး"

mgyoe.com

mgyoe.com

သူ တစ်ခွန်းမေးသည်။ သူ့ကို ပြန်ဖြေသည်။

"မင်းသမီးအလွမ်းတော့ အလွမ်းပဲ ကိုအောင်ဇော်။ ဒါပေမဲ့ မင်းသားက ဇာတ်ရတာပဲလေ။ မျှပေးထားရမှာပေါ့"

သူ ခေါင်းညိတ်လိုက်သည်။ အောင်ကိုက ပြောသည်။

"ပြဇာတ်ကြီးပေါ့"

အောင်ကျော်စိုးက ဆေးပေါ့လိပ်ခဲကာ ခေါင်းညိတ်သည်။

"ကျွန်တော်တို့ ကခဲ့တာ တစ်ခန်းရပ်က များနေတယ်။ ဦးရွှေမှန်ပြဇာတ်ကော၊ မှတ် တိုင်ကလေးကိုတဲ့ကားပေါ်တင် ဇာတ်ကကော တစ်ခန်းရပ်။ ပြီးတော့ အသောပြဇာတ်တွေ။ အလွမ်းဇာတ်ကို ကျကျနနကိုင်ကြည့်ချင်တယ်"

စိန်မြင့်က ဆောင်နေကျ လွယ်အိတ်ကို ပေါင်ပေါ်သို့ တင်ရင်းမေးသည်။

"ဘယ်နှမိနစ်စာ ရှိမလဲ။ ကန့်လန့်ကာ အပိတ်အဖွင့်သိပ်များနေမလား"

"တစ်နာရီခွဲစာရှိမယ်။ ကန့်လန့်ကာ အပိတ်အဖွင့် လျှော့နိုင်သမျှလျှော့အောင်ကြိုးစားပြီး ဇာတ်ခွဲမယ်။ မီးလင်းမှိန်၊ မှိန်လင်း ကစားပေးရမယ်"

အောင်ကျော်စိုးက စိတ်ကူး၍ပြောပြသည်။

"ဇာတ်ညွှန်းခွဲပြီးမှ ပိုတွက်လို့ရမယ်။ ဇာတ်ကောင် ဘယ်လောက်ရှိလဲ"

တင်ဝင်းက မေးသည်။ အောင်ကိုက ဝင်ဖြေသည်။

"အဓိက ဇာတ်ကောင် သုံးယောက်ရယ်။ ဖြူဖြူရဲ့ အစ်မရယ်။ လေးယောက်။ ထွန်းဇော်သူငယ်ချင်း အေးဖေရယ်။ ငါးယောက်။ ထွန်းဇော်ဆရာရယ်၊ အဖေ အမေရယ်။ ဖြူဖြူ့ အမေရယ်။ သင်းသင်းရဲ့အဖေရယ်။ သင်းသင်းရဲ့သူငယ်ချင်းရယ် အရန်ငါးယောက်။ ပေါင်းဆယ်ယောက်။ ဇာတ်ကြီးဆိုတော့ ဒီလောက်တော့ရှိမယ်"

"လျှော့လို့ရမယ့် အရန်ဇာတ်ကောင်ကို လျှော့ရမယ်။ တချို့ကျတော့ မြုပ်ကွက်နဲ့စကားပြောမှ ထည့်ပြောပြီး ဇာတ်လမ်းကိုကောက်မယ်"

အောင်ကျော်စိုး ရှင်းပြသည်။

"စိန်မြင့် ဘယ့်နှယ့်လဲ"

"ကောင်းတယ် ကိုအောင်ကျော်စိုး။ အစကနေ ပြန်ပြောပါဦး"

ရွှတ်နောက်သောကြောင့် အောင်ကျော်စိုး ဆဲလေသည်။ စိန်မြင့်က မျက်ပေါက်ကျဉ်းသွားသည်အထိ ရယ်နေ၏။ အောင်ကိုက နဖူးတွန့်ရင်း စကားကောင်းပြောကွာဟု တံတောင်နှင့်တွက်၏။ ခါးတည့်တည့်ကို တို့သလိုဖြစ်၍ အမျိုးသမီးခန္ဓာကိုယ်

mgyoe.com

mgyoe.com

အစိတ်အပိုင်းတစ်ခုကို ယောင်ကာအော်၏။ ပွဲကျသွားသည်။ ယောင်တတ်သော စိန်မြင့်က ကုလားထိုင်ရွှေ့ကာ နောက်ဆုတ်ထိုင်သည်။

"လူတွေ လျာထားပြီးပြီလား"

အောင်ကျော်စိုးက နဖူးပေါ်သို့ ကျလာသောဆံပင်ကို ခေါင်းဆတ်ကာပင့်တင်သည်။ ရှည်သောလည်တိုင်ရှိ ထင်းနေသည့်ဇလုပ်ပေါ်အောင် မေးမော့သည်။ ရှည်သောမျက်နှာကို ပိုရှည်သည် ထင်ရ၏။ တင်မောင်ဌေး၏အမေးကို ဖြေသည်။

"ပြီးပြီ ဆိုပါတော့ကွာ။ ကိုအောင်ဇော်ရယ်၊ ချိုသက်ရယ်၊ ခင်စောမြင့်ရယ်။ အဲခင်စောမြင့်နေရာမှာ တစ်ယောက်ယောက် စဉ်းစားရင်စဉ်းစား။ ခင်စောမြင့်က နည်းနည်းလေးချင်တယ်။ ဇာတ်ရံနေရာမှာ အောင်ကိုရယ်၊ စိန်မြင့်ရယ်၊ တင်ဝင်းရယ်၊ တင်မောင်ဌေးရယ်၊ မိနွယ်ရယ်၊ ခင်ထွေးလှိုင်ရယ်၊ မောင်မောင်ရယ်ဆို ရတယ်။ ဖအေအခန်း မအေအခန်းကတော့ ပိုင်ပါတယ်။ ဟုတ်တယ်မဟုတ်လား"

တင်ဝင်းက ဆေးပေါ့လိပ်တိုကို နှုတ်ခမ်းမှဖြုတ်ကာ . . .

"ကျွန်တော် ဘယ်နေရာကလဲ"

တင်မောင်ဌေးက မျက်စောင်းလှည့်ထိုးသည်။

"မင်းသမီးထဘီ ခေါက်ပေးတဲ့နေရာက"

"ဒါဖြင့် မင်းသမီးလက်ကို ကိုင်ရမှာပေါ့နော်"

တင်ဝင်းက ညှောင်နာနာသံပြုကာ မျက်စိပေကလပ် ပေကလပ်နှင့်မေးသည်။ တင်မောင်ဌေးက

"မဟုတ်ဘူး မင်းသမီးအဖေ့ ဒူးခေါက်ခွက် တက်နင်းရတဲ့အခန်း ထည့်ထားတယ်"

ပွဲကျသွားကာ ရယ်ကြလေသည်။

"ချိုသက်ပါရင် ခင်စောမြင့်နေရာမှာ မိညိုကို လိုက်ရှာပြီး ထည့်ပေးဖို့ကောင်းတယ်"

တင်မောင်ဌေး စကားကြောင့် ဟာခနဲဖြစ်ကြသည်။ စင်ပေါ်တွင် နပန်းပွဲကြည့်ရတာပေါ့ဟု စိန်မြင့်ပြောသည်။ ကျီးနဲ့ ခင်ပုပ် နှစ်ပါးသွားကခိုင်းတာကမှ ကောင်းဦးမယ်ဟု အောင်ကျော်စိုးက ပြောသည်။ တစ်ယောက်တစ်ပေါက်နှင့် ရယ်စရာပြောကြသည်။

"နေဦး ကိုအောင်ကျော်စိုး"

တင်ဝင်းက စကားစမည်ပြုသည်။

"နေပါတယ် မကွေးပြန်လို့လည်း မရသေးပါဘူး။ သူ့နာရီ ယူပေါင်ပြီး စားသောက်ထားကြတယ်လေ"

mgyoe.com

mgyoe.com

စိန်မြင့် ပြက်လုံးထိုးသည်။

"ပြော . . .တင်ဝင်း"

"ဘယ်တော့ကမယ် မှန်းလဲ"

"ဒါတော့ မစဉ်းစားရသေးဘူးလေ။ အသင်းအခြေအနေပေါ် မူတည်နေတယ်လေ။ ရှေ့နှစ်ခါတော့ မှန်းတယ်။ ငွေအင်အားမှ မရှိသေးတာ"

"ရန်ပုံငွေပွဲလေး ဘာလေးလုပ်ရရင် ကောင်းမယ်နော်"

တင်မောင်ဌေးက ညည်းပြောပြောသည်။

"အနုပညာ အသင်းသားဟောင်း အဆိုတော်တွေ ရုပ်ရှင်ထဲရောက်နေသူတွေ အကူနဲ့ခေါ်ပြီး ပွဲတစ်ပွဲလုပ်ရရင်ကောင်းမယ်"

အောင်ကို အကြံပေးသည်။

"သူတို့အားလုံးက လာနိုင်ဦးမှ"

စိန်မြင့်က အခက်အခဲကို စဉ်းစားပြီးပြောသည်။

"တချို့က ကျောင်းတုန်းက စိတ်ဓာတ်မျိုး မဟုတ်တော့ဘူး။ ဘဝင်ကိုင်တိုင်တိုင်ရယ်"

တင်ဝင်းက ပြောသည်။

"ဒါက သူတို့သဘောလေဗျာ။ ကျွန်တော်တို့ကတော့ ဖိတ်ရမယ့် အကြောင်းကြားရမယ့်ဝတ္တရား ရှိတာပဲ"

အောင်ကိုက ပြေရာပြေကြောင်း ဝင်ဖြေသည်။

"ကျွန်တော် သိပ်စိတ်ကူးယဉ်ကြည့်တယ် ကိုတင်ဝင်း။ တစ်နှစ်မှာတစ်လ။ ဂျူဗလီဟောမှာ တစ်လလုံးကချင်တယ်။ ပြဇာတ်ကို အထူးအသားပေးပြီးပေါ့ဗျာ။ ဖြစ်နိုင်ရင် ပြဇာတ်ပဲ ကချင်တယ်။ သုံးနာရီစာပြဇာတ်"

အောင်ကျော်စိုး မကြာခဏ ပြောလေ့ရှိသောစကား။ သူ အမှတ်ရ၍ ဝင်ပြောသည်။

"ကျွန်တော်တို့ စိတ်ကူးယဉ်ခဲ့တာ ကြာပြီနော်"

လေးနက်သော စကားကို ခေါင်းတည်ကြသည်တွင် သူတို့အားလုံး၏အာရုံသည် ဇာတ်သဘင် အကသဘင်သို့ ရောက်လာကြသည်။ စကားပြောမဲ့သော ဇာတ်လမ်းဖော်အတတ်ပညာများ၊ အမူအရာဟန်ပန် သရုပ်ဆောင်မှုဖြင့် ဇာတ်ခုံအခင်းအကျင်း ပစ္စည်းပစ္စယများ စင်ပေါ်တွင်မရှိသော်လည်း ရှိသည်ဟု ထင်စေမည့်ပြကွက်များ ခမ်းနားကြီးကျယ်သောဇာတ်ခုံ ပြင်ဆင်မှုအတတ်ပညာများ၊ နောက်ခံတေးဂီတများအကြောင်း

mgyoe.com

mgyoe.com

သို့ ရောက်လာကြသည်။ ရေနွေးကြမ်း တစ်အိုးပြီးတစ်အိုး ဆက်သည်။ ဆေးလိပ်တစ်လိပ်ပြီးတစ်လိပ် ညှိသည်။ မြေပဲလှော်တစ်ထုပ်ပြီး တစ်ထုပ် ရောက်လာသည်။ လက်ဖက်ရည်ဆိုင်ရှေ့ရှိ ဇာဒ်ပင်တွေကြားတွင် ဆိုင်းထားသော မီးလုံးပွင့်လာသည်ကိုပင် သတိမထားမိလိုက်ကြ။ စိတ်အားထက်သန်စွာ ပြောကြ စိတ်ကူးတွေ တည်ဆောက်၍ ညောင်းလာသောအခါ စကားဝိုင်းမသွက်လက်တော့။

"အဲဒါတွေ ခဏထားဦး။ အသင်းပိုင် ကန့်လန့်ကာတစ်စုံလောက်ရှိရင် ကောင်းမယ်"

အောင်ကိုက ရှေ့နေပရိက္ခရာတစ်ခုဖြစ်သော တိုက်ပုံအင်္ကျီအနက်ကို ချွတ်ရင်း တစ်ခွန်းပြောသည်။

"မီးတစ်စုံလောက်ရှိရင် တော်လောက်ပါပြီ"

တင်မောင်ဌေးက ခပ်မှိုင်မှိုင်ပြောသည်။

"ငါကတော့ အသံချဲ့စက်ကိုယ်ပိုင်ရှိရင် ခဏတော်လောက်ပါပြီကွာ"

တင်ဝင်းက နှုတ်ခမ်းမပွင့်တပွင့်ထားကာ ပြောလေသည်။

"မင်းသားမင်းသမီးအတွက် ရွှေချည်ထိုး ငွေချည်ထိုး ဗလာထဘီတွေ၊ တောင်ရှည်တွေက ဖာရာထေးရာနဲ့။ အတော့်ကို နွမ်းနေပြီကွ။ အဲဒါလောက်ပဲ အရင်စဉ်းစားပါဦး"

အောင်ကျော်စိုးက ခွေးခြေပေါ်တွင် ဆောင့်ကြောင့်ထိုင်ပြီး ဇာတ်မင်းသားလေသံနှင့် ပြောသည်။

"အသင်းပိုင် မှန်စီရွှေချ ဆိုင်းတစ်ဖွဲ့စာ အကောင်းစားတစ်စုံ လိုချင်လိုက်တာ"

မြင့်နိုင်က သူ့စိတ်ကူးကို ဖော်ပြောသည်။

"ငါကတော့ တခြား ဘာမှမလိုချင်ဘူး"

စိန်မြင့်က မျက်ခုံးတွန့်၍ ပြောသည်။

အောင်ကျော်စိုးက

"ဘာလိုချင်လို့တုံး"

ရယ်သံနှင့်အတူ စိန်မြင့်ပြောသည်။

"သြော် . . .ဘာမှ မလိုချင်ဘူးလို့ ပြောပြီးပြီပဲ။ မေးနေရသေးလား"

မျက်မှောင်ကြုတ်ကြည့်သော အကြည့်များ၊ တောက်ခေါက်သံများနှင့် ခါးတို့မည် လက်ပြင်သောကြောင့် စိန်မြင့် ထပြေးလေသည်။

■

mgyoe.com

mgyoe.com

# [ ၄ ]

ခြံဝရောက်ကတည်းက ဒေါ်ဒေါ်လှတို့ သားအမိကို လှမ်းမြင်လိုက်သည်။ စကားဝိုင်းထဲတွင် အဖေမှတစ်ပါး အားလုံးကိုတွေ့ရသည်။ အမေ၏ ဟက်ဟက်ပက်ပက်ရယ်သံကို ကြားသည်။ မမငြိမ်း၏ ရယ်သံကိုလည်း သဲ့သဲ့ကြားသည်။ အတာနှင့် ညီညီတို့၏ ငြင်းခုံသံကို ပို၍နီးစွာကြားရသည်။ သံတံခါးရှေ့တွင် ရပ်လိုက်စဉ်

"မင်း အသက်ရှည်ဦးမယ်။ ခုပဲ မင်းအကြောင်းပြောနေတာ"

ဒေါ်ဒေါ်လှက လှမ်းပြောသည်။ သံတံခါး ဆွဲဖွင့်ရင်း ရယ်၍ပြောလိုက်သည်။

"ဒါ ရိုးရာယဉ်ကျေးမှုပဲ ဒေါ်ဒေါ်လှရဲ့။ တစ်ယောက်အလစ်မှာ တစ်ယောက်က အတင်းပြောပေးရမယ်လေ မဟုတ်ဘူးလား"

သူ့စကားကြောင့် ရယ်လိုက်ကြသည်။ တံခါးပြန်စေ့ပြီး အိမ်မပေါ်သို့ တက်သည်။ တိုက်ပုံအင်္ကျီချွတ်ပြီး တိုင်မှာသွားချိတ်သည်။ ထို့နောက် ဘုရားခန်းတံခါးဝ၏ လက်ျာဘက်ရှိ ကွပ်ပျစ်သို့သွားသည်။ ကွပ်ပျစ်မှာ တစ်မိုက်ကျော်ကျော်သာ မြင့်သည်။ တမံသလင်းအအေးမှာ လွတ်ရုံသာမြှင့်ထားသည်။ ကွပ်ပျစ်ပေါ်တွင် အုန်းကော်ဖျာခင်းထားသည်။ အုန်းကော်ဖျာပေါ်တွင် သင်ဖြူးဖျာကြီးနှစ်ချပ် ဆက်ခင်းထားသည်။

"ဒေါ်ဒေါ်လှတို့ ဘယ်အချိန်က ရောက်နေလဲ"

ဒေါ်ဒေါ်လှက လက်ဖက်ကို သဘော်ာရွက်နှဖြင့် ထုပ်ကာဝါးရင်း

mgyoe.com

mgyoe.com

"နေ့လယ်ကတည်းက ရောက်နေတာ။ မင်းညီတွေ ညီမတွေ ကျောင်းအား ကြတယ်။ ဒီနေ့ဥပုသ်နေ့လေ"

"ဟုတ်သားပဲ။ ဒေါ်ဒေါ်လှတို့ ညစာစားပြီးမှ ပြန်ပေါ့"

"မစားတော့ဘူး။ မင်း ဒေါ်ဒေါ်လှတို့အိမ်မှာစား။ မင်းညီတွေက ညနေ စွန်လွှတ် ရအောင် လာခေါ်ကြတာ"

အတာက ကာတွန်းဖတ်နေရာမှ

"ဟုတ်တယ် အစ်ကိုလေး။ စွန်လွှတ်ရအောင်"

"မိုးပဲ ဖြိုင်ဖြိုင်ကျနေပြီ။ လွှတ်တဲ့သူလည်း မရှိသလောက် ဖြစ်နေပြီပဲ။ စွန်ရာသီ တုံးပြီကွ။ ဆောင်းပေါက်မှ လွှတ်ကြတာပေါ့"

"လွှတ်တဲ့သူ ရှိတော့ရှိပါသေးတယ် အစ်ကိုလေးရ"

"ပျင်းစရာကြီးကွာ"

အတာက ပြုံးစေ့စေ့ဖြင့် ကြည့်သည်။ ထို့နောက်

"ဒီတစ်ခါဆို မိုးရေထဲမှာ လမ်းမလျှောက်ရတော့ပါဘူး အစ်ကိုလေးရ"

ရယ်သံတွေ ထွက်လာသည်။ အမေတို့အားလုံး ထိုအကြောင်းကို သိသွားကြပြီမှာ သေချာသည်။ အမေက ပြည့်ဖောင်းသော ပါးနှစ်ဖက်စုံ့တက်အောင် ရယ်သည်။ ဝဖိုင့် သောခန္ဓာကိုယ်သည် လှုပ်နေ၏။ သားဖြစ်သူ၏ ရယ်စရာကောင်းသော အကြောင်းကို ကြားရ၍ သဘောကျကာ ရယ်မောလျက်ရှိသည်။

"စောစောကမေးမလို့။ ကိုနိုင်ပြန်ရောက်လာတာနဲ့ စကားပြတ်သွားတယ်။ အဲဒီ ညီညီအောင်က ဘယ်ကလဲ ဒေါ်ဒေါ်လှ"

မမငြိမ်းက ပြုံးလက်စ မျက်နှာနှင့် မေးသည်။ စပ်စုရန်ကောဟူသောအကြည့်ဖြင့် သူလှည့်ကြည့်သည်။ မမငြိမ်းက သဘောပေါက်ဟန်တူ၏။ "အမယ် ...လှည့်မကြည့် ပါနဲ့"ဟု မလုံမလဲ ပြောသည်။ ဒေါ်ဒေါ်လှက မဖြေသေး။ ရယ်နေ၏။ ထို့နောက် ပြန်ပြော ပြသည်။

"အစက ညီညီအောင့်မှာ အစ်ကိုတစ်ယောက်ရှိတယ်။ ခင်အောင်တင့်တဲ့။ ကောင် လေးက ဆေးမှားသောက်လို့ ဆုံးသွားတယ်။ ကောင်လေးက ဆေးတက္ကသိုလ်တက် နေတာ သုံးလေးနှစ်တောင် ရောက်နေပြီ"

အမေက ကရုဏာသက်စွာ စုပ်သတ်၏။ မမငြိမ်းက ခေါင်းတညိတ်ညိတ်နှင့် ဩော် ဟုဆို၏။

mgyoe.com

mgyoe.com

"ဆရာဝန်လောင်းက ဆေးမှားသောက်ရတယ်လို့ဗျာ။ ဖြစ်မှ ဖြစ်ရလေ"

"အဲဒီတုန်းက ဒေါ်ဒေါ်လှတို့နဲ့ မခင်သေးဘူးကွယ့်။ ခင်မင်လာတော့မှ သားချင်း ဘယ်နှယောက်ရှိလဲ ဘာလဲ စကားစပ်မိပြီး သိရတာ။ သူတို့အိမ် အလှူအတန်းရှိလို့ သွားပြုလည်တော့ ဓာတ်ပုံတွေ့ဖူးတယ်။ လူပုံချောလေး။ ညိုညိုအောင့် အစ်ကို ပန်းချီတွေ ဘာတွေလည်း ဆွဲတယ်။ အိမ်ဧည့်ခန်းမှာ ချိတ်ထားတယ်လို့ တွေ့ရတယ်။ တော်တော် တော်တာပဲ"

"သနားပါတယ်"

အမေက စကားထောက်ပေးသည်။

"သားသမီးက နှစ်ယောက်ထဲကိုး"

မမငြိမ်း၏စကားကို ဒေါ်ဒေါ်လှက

"မောင်နှမနှစ်ယောက်ထဲဆိုတော့ ညိုညိုအောင်က သူ့အစ်ကိုကို သိပ်ချစ်တာ။ ကောင်မလေးက ဇာတ်မသိရင် ဘုတုတု ကြွပ်ဆတ်ဆတ် ထင်ရတယ်။ စိတ်တော့ တော်တော်ကြီးတယ်။ တုံးဆိုတိုက် ကျားဆိုကိုက်။ စိတ်ရင်း သဘောရင်းကတော့ ကောင်းတယ်။ သဘောကောင်းတယ်"

"မဆိုးပါဘူး"

"ဘာမဆိုးတာလဲ မမငြိမ်း"

မဆိုးပါဘူးဟုပြောပြီး သူ့ကိုတစ်ချက်ကြည့်သောအကြည့်နှင့် နှုတ်ခမ်းအနေ အထားကြောင့် သူ မေးသည်။ မျက်နှာမထားတတ်စွာ မေးသောအမေးကို

"ဩော် . . . မဆိုးဘူးလို့ ပြောတာ။ မဆိုးလို့ပေါ့ အောင်ရဲ့"

သူ ပြုံးမိသည်။ ထိုစဉ် မမငြိမ်း တစ်ခွန်းပြောသည်။

"ဒါပေမဲ့ ငါ့မောင်ကို ကားထဲဝင်ပြီး မိုးခိုပါလို့ နှစ်ခါမပြောတဲ့အတွက်တော့ စိတ် မကောင်းပါဘူး"

အမေနှင့် ဒေါ်ဒေါ်လှတို့ရယ်သံ ထွက်လာသည်။

"ဒုတိယအကြိမ် ခေါ်ရင်တော့ မင်း မိုးခိုဝင်မလို့ ကြံထားတယ်မဟုတ်လား"

အမေ့ဟာ ရယ်သံဖြင့်မေးသည်။

"ဝေးသားပဲ"

သူ့အဖြေကြောင့် ပွဲကျသွားပြန်သည်။ မမငြိမ်းက စကားဆက်သည်။

"အလောင်းအစားလုပ်တုန်းက အောင့်ကို ဒရိုင်ဘာအဖြစ် တစ်ညနေငှားပြီး
mgyoe.com

ကုန်းကြောင်းပြန်လျှောက်ခိုင်းဖို့ ကြံတုန်းက အောင်မလန့်ဘူးလား”

သူ ရယ်သည်။

“လန့်တာပေါ့ လျှောက်ရမှာ နည်းတဲ့ခရီးမှ မဟုတ်တာ”

မမငြိမ်းက စိတ်လွတ်ကိုယ်လွတ်ရယ်သည်။ ရယ်သံနှင့်အတူ

“မင်းတို့ နောက်ပိုင်း တစ်ခါမှ မဆုံကြတော့ဘူးလား”

သူခေါင်းခါပြကာ

“စိတ်မဝင်စားပါဘူး”

“ဘယ်သူက ရိုက်စစ်လို့လဲ အောင်ရယ်”

မမငြိမ်းစကားက ရယ်သံတွေ ထွက်လာစေပြန်၏။

mgyoe.com

mgyoe.com

## [ ၅ ]

မြေငွေ့သေအောင် မိုးပြင်းရွာပြီးခါစ၊ ထူထပ်သော မိုးတိမ်ထုတွေ ကွယ်ထားသဖြင့် ခနရောင်ခြည်သည် မြေပြင်ပေါ်သို့ ကျမလာတော့။ ကောင်းကင်တွင် တိမ်ညိုတွေကို ဆုထည်ကြီးစွာ မတွေ့ရ။ အလင်းမစူးလွန်း မအုံ့ပျလွန်း။ နေသာရုံလင်းလင်း။ အသက်ရှူရသော လေသည် စိုပြည်အေးမြနေသည်။ အမြင်အားလုံးသည် သန့်ရှင်းကြည်လင်နေသည်။ အဆောက်အဦ ခေါင်မိုးတွေမှာ ဖုံတွေကပ်ငြိခြင်းမရှိ။ စည်းရိုးပင်တွေ ရေတမာပင်တန်းတွေမှာ မိုးရေကြောင့် စိမ်းလန်းနေ၏။ ဘုရားရှိခိုးကျောင်းရှေ့ရှိ မြက်ခင်းပြင်သည် အမှုန်အညစ်ကင်းစွာ စိုစိုပြည်ပြည်နှင့် ရှိနေသည်။ ရေစစ်သွားပြီဖြစ်သော သဲမြေသည် သိပ်သိပ်သည်းသည်း။

မြက်ခင်းဘက်သို့ မျက်နှာမူကာ ထိုင်နေသော သူ့ကို အောင်ကျော်စိုးက မေးသည်။

"ဘယ်လိုသဘောရသလဲ၊ ကျွန်တော် ခုန ပြောတာကို"

အောင်ကျော်စိုးက ဓာတ်အဖွဲ့တစ်ဖွဲ့တည်ထောင်ချင်ကြောင်း ပြောသည်။ အားလုံးအလုပ်ကထွက်ပြီး ဓာတ်ကကြရလျှင် ကောင်းမည်ဟု ပြောသည်။ သူတို့အားလုံး စိတ်တော့ ထက်သန်နေကြသည်။ အလုပ်တွေ ကျောင်းတွေနှင့်။ အနုပညာအသင်းတွင် အမြဲထိတွေ့နေသူတွေအားလုံးမှာ ကျောင်းသားဟောင်း၊ ကျောင်းတက်ဆဲနှင့် အစိုးရအမှုထမ်း။ အောင်ကျော်စိုးကဲ့သို့ ရှေ့နေက အောင်ကို၊ မိနွယ်နှင့် ချိုသက်။ စိန်မြင့်က စာပေးစာယူ

mgyoe.com

mgyoe.com

ဌာနဝန်ထမ်း၊ တင်ဝင်းက ဝိဇ္ဇာသိပ္ပံတက္ကသိုလ် ငွေစာရင်းဌာန အမှုထမ်း၊ သောင်းဟန်က အိမ်ပြေး၊ တင်မောင်ဒွေးက ရုပ်ရှင်လောကတွင် ပညာသင်၊ မောင်မောင်ခင်က ဘွဲ့ရ အလုပ်လက်မဲ့၊ ခင်ထွေးလှိုင်သည်လည်း မောင်မောင်ခင်နည်းတူ၊ မောင်မောင်က အင်းစိန် ဘက်တွင် သပြေကဖီးဖွင့်ထားသူ။ မူမူခင်၊ မြသက်ရည်၊ ချိုတူး၊ ဥမ္မာထွန်း၊ ဒွေးဒွေးရီ၊ ခင်နှင်းဝေ၊ စိုးစိုးမြင့်တို့ မင်းသမီးအုပ်စုက ကျောင်းသူတွေ။ ဆိုင်းအဖွဲ့က ရွာစားတို့ စိန်ပေါ်တို့လည်း ကျောင်းမပြီးကြသေး။ အနုပညာစိတ်ဓာတ် ထက်သန်ကြသော်လည်း မိဘအုပ်ထိန်းသူတွေက ရှိသေးသည်။

"အသက်မွေးဝမ်းကျောင်း တစ်ခုအနေနဲ့ကျတော့ လွယ်မယ်မထင်ဘူး ကိုအောင်ကျော်စိုး။ ဘာဖြစ်လို့လဲဆိုတော့ ရပ်တည်ဖို့ အခက်အခဲတွေ အများကြီး ရှိမယ်လေ"

"ထားပါတော့လေ . . .ပြဿနာတွေကတော့ ရှိမှာပေါ့။ ဒါပေမဲ့ အဲသလိုမှ အရဲ စွန့်ပြီး ထမလုပ်ရင် ကျွန်တော်တို့တင်ပြချင်တဲ့ အနုပညာကို တင်ပြဖို့ အခွင့်အလမ်း သိပ်နည်းနေဦးမှာပဲ ကိုအောင်ဇော်"

"ဟုတ်တော့ ဟုတ်ပါတယ်။ တစ်နှစ်နေလို့တောင် တစ်ပွဲကရတယ်မရှိဘူး။ ဟိုက ဒီက မောင်မယ်သစ်လွင် ကြိုဆိုပွဲတို့ နှုတ်ဆက်ပွဲတို့လုပ်ကာမှ ပြဇာတ်ကချင်ကရ၊ အငြိမ့်ကချင် ကရ၊ မင်းသမီးပြိုင်ဖြစ်ဖြစ် ထဘီနားခတ်လေးဖြစ်ဖြစ်ဆိုတော့ ပျင်းစရာ ကောင်းနေတယ်။ မနှစ်ကတော့ ပျော်စရာပဲဗျာ"

သူက မနှစ်က ဆောင်းပေါက်ကာလကို တမ်းတသည်။

"အေးဗျ အရက်နှစ်ဆယ်ကျော်ကျော်နော်။ ပွဲချီချည်း ဆယ့်တစ်ချီ"

အောင်ကျော်စိုးမှတစ်ဆင့် ပွဲငှားသောကြောင့် မကွေး၊ မင်းဘူး၊ မန်းရေနံတို့တွင် အနုပညာအသင်း ပွဲကခဲ့သည်။ မကွေးမြို့ပေါ်တွင် နှစ်ည၊ တပ်မဟာ ရှစ်ဆယ့်ရှစ်တွင် တစ်ည။ မင်းဘူးတွင် လေးည၊ မန်းရေနံတွင် သုံးညကပြခဲ့သည်။

"ပျော်စရာကောင်းသလောက် ပင်ပန်းလိုက်တာကလည်း ဝိခေါ်လို့နော်"

အောင်ကိုက မေးတစ်ချက်ဆတ်ကာ နှုတ်ခမ်းစေ့စေ့ဖြင့် ပြောသည်။

"ကျွန်တော်တို့က ထားပါတော့ ကျွန်တော်တို့နဲ့အတူ ဟောပြောပွဲလိုက်လာတဲ့ စာရေးဆရာတွေကို အားနာလိုက်တာ"

အောင်ကို၏စကားကို အောင်ကျော်စိုးက ခေါင်းညိတ်ထောက်ခံသည်။

"ကိုသုမောင်တို့ ကိုငြိမ်းကျော်တို့က အကြောင်းမဟုတ်ဘူး။ ဆရာမ မစမ်းစမ်းနွဲ့တို့

mgyoe.com

 mgyoe.com 

မစန္ဒာတို့ကျတော့ ခရိုးကြမ်း၊ ကားကြမ်းကြီးနဲ့မို့ မသက်သာလိုက်တာ။ ကျွန်တော်လည်း အကောင်းဆုံးစီစဉ်ပေးတာပဲ။ အဆင်မပြေတော့ မျက်နှာပူစရာတွေ ဖြစ်တာပေါ့ဗျာ။ ဒါပေမဲ့ သူတို့လည်း ပျော်ကြတာပါပဲ။ မမြင်ဘူးလား။ မန်းရေန်မှာ ကတဲ့နေ့၊ သူတို့က သာစည်ကို ဟောပြောပွဲမသွားခင် တစ်ရက်။ မစန္ဒာရော၊ မစမ်းစမ်းနွဲ့ရော တစ်ပင်တိုင် ဝင်ကကြတယ်။ ကိုသုမောင်နဲ့ ကိုငြိမ်းကျော်က မြသက်ရည်တို့ အငြိမ့်မှာ လူရွှင်တော် ဝင်လုပ်ကြတာပဲ။ ပြောရင်း သတိရလာတယ် ကိုအောင်ဇော်ရာ"

အောင်ကျော်စိုး၏ စကားကြောင့် သူ ထိုရက်များကို ပြန်လည်မြင်သည်။

"မနွယ်လည်း တော်တော်ဖွဲ့ကောင်းတာ သူ့ကလေး အငယ်မက အခါလည်နဲ့ လေးငါးလသား ရှိသေးတယ်။ မင်းဘူးကို ကလေးပုခက်နဲ့တန်းလိုက်ပြီး ဝင်ကတာ။ အစ်ကိုစောက ဇာတ်အုပ်ကနေ ကလေးထိန်းအဆင့် ရောက်သွားတော့တာပဲ"

ခင်ထွေးလှိုင်က ပြုံးရယ်၍ပြောသည်။ အောင်ကျော်စိုးက ဗာဒံပင်ပေါက်ကို ငေးတေးတေးကြည့်နေရင်း . . .

"တကယ့်ဇာတ်ကြီး ထောင်လိုက်ရင် အားရပါးရ ကရမှာပဲ"

"ဘယ်သူကမှ မငှားရင် ဘယ့်နှယ်လုပ်မလဲ ကိုအောင်ကျော်စိုး"

ခင်ထွေးလှိုင်မေးပုံကြောင့် အောင်ကျော်စိုး ရယ်လေသည်။

"ဩော် . . . ငါ့ညီမရယ် ဘယ်သူမှ မငှားရင် ကိုယ့်ဘာသာ ကိုယ် လျှောက်ကကြ တာပေါ့"

"ဟင် . . . ကိုအောင်ကျော်စိုးကလည်း ငွေမရရင် ဘယ်လိုလုပ် ဆက်ကနိုင်ကြ မလဲ"

"မပူပါနဲ့ဟာ မကွေးမှာ ငါ့မိဘအိမ်တွေ မြေတွေရှိနေသေးတာပဲ။ နှစ်မိုးတော့ ကလောက်နိုင်ပါသေးတယ်"

ရယ်လိုက်ကြသည်။ ထိုစဉ် လက်ဖက်ရည်ဆိုင်ထဲသို့ အမျိုးသမီးတစ်ယောက် ဝင်လာသည်။

"ဇာတ်တကယ်ထောင်ရင် ကိုယ့်လူ တကယ်ဇာတ်ထဲလိုက်နိုင်မလား"

သူ့ကိုမေးသည်။

"လိုက်နိုင်မှာပေါ့ ကိုအောင်ကျော်စိုးရယ်"

"ဩော် . . . မိညို လာထိုင်"

ခင်ထွေးလှိုင်၏ ဝမ်းသာအံ့ဩစွာ ဖိတ်ခေါ်သံနှင့်နေရာပေးသံ။ သူလှည့်ကြည့်

mgyoe.com

mgyoe.com

လိုက်သည်။ ညိုညိုအောင်။ ညိုညိုအောင် သူ့ကိုကြည့်သည်။ ခဏ ကုလားထိုင်တွင် ဝင်ထိုင်ရင်း ခင်ထွေးလှိုင်ကို ပြုံးပြသည်။ ထို့နောက် အောင်ကျော်စိုးတို့ဘက်သို့ ပြုံး၍ နှုတ်ဆက်သည်။

"ကိုအောင်ကျော်စိုး အခု ဘယ်မှာလဲ"

"မကွေးမှာပဲ"

"ကိုအောင်ကို့ကို မတွေ့ရတာတောင် အတော်ကြာသွားပြီ"

"ကျွန်တော်တို့က ညနေဆို ဒီမှာဆုံနေကျ။ ခင်ဗျားသာ အသင်းဘက် လှည့်မလာတာ ကျောင်းထွက်သွားကတည်းက"

"အလုပ်တွေ များလွန်းလို့ ရောက်မလာဖြစ်တာပါ။ စိတ်ကတော့ ရောက်ပါတယ်။ ခုလည်း မနွယ်များရှိမလားလို့ လာရှာတာ"

"ဒီနေ့တော့ မလာသေးဘူး။ ခဏစောင့်ကြည့်ပါလား။ တော်ကြာ ရောက်ချင် ရောက်လာမှာ မိညို။ မိညိုနဲ့ တို့နဲ့ နွေတုန်းက တစ်ခါတွေ့ပြီး ခုမှ တွေ့ရတော့တယ်။ စိမ်းကားလိုက်တာ"

တစ်ယောက်ကိုတစ်ယောက် အပြစ်တင်ကြ ရယ်မောပြောဆိုကြနှင့် ရှိသည်။ ညိုညိုအောင်နှင့် ခင်ထွေးလှိုင်တို့ စကားတွေဖောင်နေစဉ် သူကြည့်သည်။ ညိုညိုအောင်က မမြင်ယောင် မသိယောင် နေ၏။ ပြော၍ဆို၍ တခစ်ခစ်ရယ်၍ မောလောက်မှ ခင်ထွေးလှိုင်က . . .

"ကိုအောင်ဇော် သူ့ကိုသိလား"

ညိုညိုအောင်ကို တမင်စူးစူးစိုက်စိုက်ကြည့်ပြီးမှ သူ ခေါင်းခါသည်။

"ဟင့်အင်း အခုမှ တွေ့ဖူးတယ်"

အောင်ကျော်စိုးက

"သူက ခင်ထွေးလှိုင်တို့ထက် နှစ်နှစ်စောပြီး ကျောင်းပြီးသွားတယ်။ ညိုညိုအောင်တဲ့။ အကသင်တန်းဆင်းပဲ။ ဒါပေမဲ့ ကျွန်တော်တို့ ပြဇာတ်အဖွဲ့ပွဲခွင်တစ်ခုတည်း မကြုံဖူးကြဘူး။ ဟောဒါက ကိုအောင်ဇော်တဲ့ မညိုညိုအောင်။ ပြဇာတ်အဖွဲ့ထဲက"

သူ ပြုံးလိုက်သည်။ အဓိပ္ပာယ်တစ်မျိုး။ ဘေးလူတွေနားမလည်နိုင်သော အပြုံး။ တွေ့ရတာ ဝမ်းသာပါတယ် ဟု သူပြောလိုက်သည်။ ကျွန်မလည်း ဝမ်းသာပါတယ်ဟု ညိုညိုအောင် ပြန်ပြောသည်။

"ကိုအောင်ဇော် အခု ဘယ်ဌာနမှာ အလုပ်ဝင်နေလဲ"

mgyoe.com

mgyoe.com


ညိုညိုအောင့်မေးခွန်းကြောင့် ရုတ်တရက် မဖြေတတ်။ အတာတို့ ပြောပြ၍ သူ့အကြောင်းစုံ သိရက်သားနှင့် စကားပမာ ပြောသည်ဟု နားလည်လိုက်သည်။

"ကျွန်တော် အမျိုးသားစွန်လွှတ်ရေးဌာနကြီးမှာ အလုပ်ဝင်နေပါတယ်"

သူ့စကားကြောင့် ရယ်ကြသည်။ ညိုညိုအောင်က ပြုံးနေသည်။ အောင်ကျော်စိုးက

"သူက ပထဝီမှာ မဟာဝိဇ္ဇာတန်းတင်ရမယ် မဟုတ်လား။ လေကြောင်းတိုင်းထွာရေးလုပ်နေတာလေ"

အောင်ကိုက သူစွန်လွှတ်တတ်သည်ကို ညိုညိုအောင်သိဟန် မတူဟု တွေးပုံရ၏။

"ကိုအောင်ဇော်က စွန်လွှတ်တာ သိပ်ဝါသနာပါတာ။ အဲဒါကြောင့်ပြောတာ မညို။ စွန်ရာသီကျရင် သူ့တွေ့ဖို့ အိမ်လိုက်မသွားနဲ့ အပိုပဲ။ ဂေါက်ကွင်းဟိုဘက်က စွန်ကွင်းထဲလိုက်သွားမှ တွေ့ရတာ"

"အဲဒါကြောင့် ကျိန်းကျေနေတာ။ စွန်လွှတ်လေ မစွံလေ"

ရွတ်နောက်သော အောင်ကျော်စိုး၏စကား။ သူတစ်ခွန်းပြောသည်။

"မဟုတ်ဘူး ကိုအောင်ကျော်စိုးရ။ စွံအောင် စွန်လွှတ်ပြီး ဓာတ်ရိုက်ဓာတ်ဆင်ယတြာချေနေတာ"

"တော်တော်နီးစပ်ပြီလား"

အောင်ကို ဝင်မေးသည်။ သူခေါင်းခါသည်။

"ဗေဒင်ဆရာကတော့ ဟောလိုက်တာပဲ။ စွန်သာလွှတ်နေ။ စွန်လွှတ်နေရင်းနဲ့ကိုကောင်မလေးတစ်ယောက် ရောက်လာပြီး ရည်းစားစာပေးလိမ့်မယ်တဲ့"

အောင်ကို့ကို ကြည့်ရင်း ပြောသည်။ ပြီးမှ ခင်ထွေးလှိုင်၏မျက်နှာကိုကြည့်သည်။ ထို့နောက် ညိုညိုအောင့်ဘက်သို့ ဖျတ်ခနဲ လှမ်းကြည့်သည်။ ဣန္ဒြေကောင်းလှ၏။ ပြုံးလက်စနှင့်ပင်။

"လာပေးပြီလား ကိုအောင်ဇော်"

ခင်ထွေးလှိုင်က ရယ်ကျဲကျဲမျက်နှာနှင့် မေးသည်။

"အရိပ်အရောင်တောင် မမြင်ရသေးပါဘူး။ ခြေသလုံးတောင့်တာနဲ့ လက်ညှိုးမှာအသားမာတက်တာပဲ အဖတ်တင်တယ်"

အနှောင့်အသွား မလွှတ်သောစကားကို ရည်ရည်ရွှးရွှးပြောကြောင်း ညိုညိုအောင်သိသည်။ မသိယောင် တည်တည်နေ၏။ ထိုအခိုက် တစ်ခုခုသောက်ရန် ခင်ထွေးလှိုင်ပြောသည်။ ကော်ဖီသောက်မယ်ဟု ညိုညိုအောင် ပြောသည်။ ကော်ဖီသောက်နေစဉ်

mgyoe.com

mgyoe.com

"ကားမပါခဲ့ဘူးလား"

"ပါလာတယ်။ အရှေ့ဘက်မှာထားခဲ့တယ်"

ခင်ထွေးလှိုင့်အမေးကို ဖြေအပြီးတွင်

"မိုးတွင်းကားမောင်းရတာ မကောင်းဘူး။ ချော်မှာလည်း ကြောက်ရသေးတယ်။ စိတ်မရှည်ဘူး။ ဒီလကုန်ရင်တော့ ဒရိုင်ဘာတစ်ယောက် ငှားဦးမယ်။ ပြောမယ့်သာ ပြောရတာ ဒရိုင်ဘာကောင်းက ရှားတယ်"

"ကျွန်တော့်ကို ငှားပါလား။ အကောင်းပြောတာ မရယ်နဲ့။ ရှေ့နေလုပ်စားတာထက် ကောင်းမယ့်ထင်လို့"

အောင်ကိုက နောက်သည်။ သူသိသည်။ သူ့ကိုရည်ရွယ်ကာ စကားလက်စားချေနေခြင်းဟု။

"ဒရိုင်ဘာတစ်ယောက် အပိုင်ဝယ်လိုက်ရင်ပြီးရော မိညို့ရယ်"

ခင်ထွေးလှိုင်က ရွတ်သည်။ ပွဲကျစေသောစကား၊ ခင်ထွေးလှိုင်ကို သူကျေးဇူးတင်သွားသည်။ ညိုညိုအောင်က ပစ်ကွင်းလွဲသွားရ၍လားမသိ။ ခင်ထွေးလှိုင်၏ ပခုံးကို အသာအယာလှမ်းထုလေသည်။ သူ မျက်နှာထားတည်တည်ထားပြီး ပြောသည်။

"မညိုညိုအောင် ဒရိုင်ဘာအခက်အခဲပေါ်နေရင် ကျွန်တော် စုံစမ်းပေးပါမယ်"

ညိုညိုအောင် ထိုစကား၏အဓိပ္ပာယ်ကို မတိမ်းပါးစွာ ကောက်နိုင်ဟန်တူသည်။

"နေပါစေရှင် . . . ပြောမယ့်သာပြောရတာ ကိုယ်တိုင်မောင်းရသလောက် စိတ်မချရပါဘူး။ ကျေးဇူးပါပဲ"

mgyoe.com

mgyoe.com

## [ ၆ ]

နေရာခင်းကျင်းပုံကအစ အနုပညာဆန်လျက်ရှိသည်။ ပန်းချီကားတွေ ချိတ်သော သစ် ကန့်လန့်ကာတွေ ပြင်ဆင်ထားဟန် စနစ်တကျရှိသည်။ ကားတစ်ကားနှင့် တစ်ကား ကပ်ကပ်သိပ်သိပ်ဖြစ်မနေ။ ကျဲလှမ်းခြင်းမရှိ။ ထို့ပြင် ပန်းချီကားတို့၏ အနုပညာ အဆင့် အတန်း။ ကျောင်းသူကျောင်းသားတွေ၏ လက်ရာဟု ထင်စရာမရှိ။ အရောင်အသွေး တွေ၊ အယူအဆတွေ၊ ဖော်ပြပုံနည်းနာတွေ၊ စိတ်ကူးတွေ တစ်ယောက်နှင့်တစ်ယောက် မတူကြ။ အကြောင်းအရာထပ်ခြင်း မရှိ။ ပန်းချီလက်ရာမြောက်သော စိတ်ကူးသဏ္ဍာန် တွေကို မြင်ရသည်။ ကြိုက်သည် မကြိုက်သည်ကို ကွဲပြားငြင်းဆိုနိုင်သော်လည်းကား တိုင်းလိုလိုကို မကျေမနပ်မဖြစ်မိ။ ပန်းချီဆရာအားလုံးမှာ တက္ကသိုလ် ကျောင်းသားများ၊ ကျောင်းသားဟောင်းများ။ အချို့ကို သူသိသည်။ အချို့ကိုမသိ။ စံမင်း၊ ဇေယျ၊ တင်မောင်ကြည်၊ အောင်ခိုင်၊ ခင်မောင်လွင်၊ ကိုမျိုး၊ မျိုးလွင်၊ လှိုင်ဘွား၊ မြင့်ဆွေ၊ အေးအေးမာ၊ ခင်ဆွေဝင်း၊ ဌေးဌေးမြင့်၊ ရဲရင့်အောင်၊တင်မောင်ဆွေ၊ ကြီးမြင့်စော၊ မောင်ဩ၊ အင်ဒရူးတို့ကို လူချင်းပင်သိသည်။ အောင်ကျော်မိုး၊ မျိုးမြင့်၊ တင်သောင်း တို့၏ ကားများကိုကြည့်ဖူးခဲ့သော် လူချင်းမဆုံဖူးခဲ့။ ပြပွဲကား အညွှန်းစာအုပ်ငယ်တွင်သာ ဓာတ်ပုံ မြင်ဖူးသည်။

အောင်ကျော်မိုး၏ အိမ်အပြန်ပန်းချီကားသည် အာရုံတွင် စွဲထင်လျက်ရှိသည်။

mgyoe.com

mgyoe.com

မျိုးမြင့်၏မြစ်ဘေးကတဲ ပန်းချီကားဆေးရောင်စနစ်ကို မှတ်မှတ်ရရဖြစ်နေသည်။ တင်သောင်း၏ အရက်သောက်သူများပန်းချီကားသည် လူ၏အဇ္ဈတ္တကိုပီသစွာ ဖော်ပြထားသည်။ ရေးခြယ်ထားသည့် စုတ်ချက်များ အတင့်ရဲလွန်းခြင်းကို ထိန်းချုပ်မည်ဆိုလျှင် အရောင်သုံးပုံကို ထို့ထက်စိတ်ရှည်မည်ဆိုလျှင် တင်သောင်းအမည်ရှိ ထိုသူငယ်ကလေးသည် အလားအလာများစွာရှိသည်။ ဆက်လက်လေ့ကျင့်တီထွင်သွားနိုင်လျှင် ပန်းချီဆရာကောင်းတစ်ယောက် ဖြစ်လာမည်ဟု တွေးမိသည်။ ကားညွှန်စာအုပ်ငယ်ကို ဖွင့်ကြည့်လိုက်သည်။ အသက်နှစ်ဆယ့် သုံးလေးနှစ်မျှသာ ရှိပေဦးမည့် ပန်းချီ ကျောင်းသား။

"ဟော . . ."

ညာဘက်သို့ ရွှေ့ကာ သစ်ကန့်လန့်ကာ၏တစ်ဖက်ရှိ ပန်းချီကားများကို ကြည့်မည်အပြုတွင် ကြားရသောအသံ။ ညိုညိုအောင်။ မထင်မှတ်လျက် တွေ့မြင်လိုက်ရ၍ အံ့သြသွားဟန်တူ၏။ ခြေစုံရပ်ကာ နှုတ်ခမ်းဟဟနှင့် ရှိသည်။ သူသည်လည်း ညိုညိုအောင်နည်းတူ အံ့အားသင့်သွားသည်။ ညိုညိုအောင့်အပြုံးပွင့်စ ပြုတော့မှ

"ပြပွဲလာကြည့်သလား"

သူ့မေးခွန်းကို ခေါင်းညိတ်၍ ဦးစွာဖြေသည်။ ထို့နောက် . . .

"ဘယ်တုန်းက ရောက်နေလဲ"

"ခုနလေးပဲ မညိုညိုအောင်ကော . . ."

"ကျွန်မလည်း သိပ်မကြာသေးပါဘူး"

အဖြူရောင်ဝတ်စုံနှင့် ပန်းချီကားများကို လက်ပိုက်၍ကြည့်နေစဉ်က ကိုယ်အနေအထားတိုင်းရှိသည်။ စွန်ပွဲတော်တွင်မြင်ခဲ့သည်နှင့်လည်းမတူ၊ ယုဒသန် စားသောက်ဆိုင်တန်းတွင် ဆုံမိခဲ့သည်နှင့်လည်း မတူ။ ပြင်ပြင်ဆင်ဆင်။ ဖြီးဖြီးလိမ်းလိမ်း။ ဥရောပနံ့သာခဲကို မျက်နှာတွင် ပါးပါးတင်သည်။ နှုတ်ခမ်းဆိုးဆေးရေးရေး။

"မညိုညိုအောင်ကို ဒီမှာတွေ့မယ်လို့ ကျွန်တော် မထင်ဘူး"

ညိုညိုအောင့်မျက်လုံးတွေ ပတ်ဝန်းကျင်သို့ တစ်ဝေ့ဝေ့သည်။ ဝေ့ရင်း ပြုံးသည်။

"အနုပညာနဲ့ ကျွန်မနဲ့ သိပ်မဝေးပါဘူး"

"ကျွန်တော့်စကား အဓိပ္ပာယ်တစ်မျိုးဖြစ်သွားရင် တောင်းပန်တယ်နော်"

"ကျွန်မပြောတာက အနုပညာကို ကျွန်မ ခံစားလို့ ရပါတယ်လို့ပြောတာပါ။ ခနဲ့သလိုဖြစ်သွားရင် ကျွန်မ စကားပြောမတတ်လို့ နေမှာပေါ့"

သူ တိုးတိုးရယ်သည်။ မများသေးသော ပြပွဲကြည့်လာကြသူများကို အနှောင့်

mgyoe.com

 mgyoe.com 

အယှက်မဖြစ်အောင် အသံနှိမ့်၍ ပြောလိုက်သည်။

"ကျွန်တော်နဲ့ ခင်ဗျားနဲ့ နားလည်မှုတစ်ခု လုပ်ထားရင်ကောင်းမယ်"

မျက်ခုံးပင့်တက်သွားကာ . . .

"ရှင် . . ."

သဘောပေါက်ဟန်မတူ။

"ဩော် . . . ဒီလိုပါ။ ဒီနေ့တွေ့တဲ့အခါ ခင်ဗျားက ရန်စကားစပြော။ နောက် တစ်နေရာ နောက်တစ်ခါဆုံရင် ကျွန်တော်စပြောရမယ့်အလှည့်။ အဲသလိုဆိုရင် ဘယ် သူက စကားစရကောင်းနိုးမသိဘဲ ဖြစ်မနေတော့ဘူး။ ဘယ်လိုသဘောရလဲ"

သူ့ကို ကြည့်ကာရယ်လေသည်။ ရယ်သံမွှေးမှိန်သွားတော့မှ

"ကျွန်မ ရန်စကားမပြောပါဘူး။ ပြောချင်တဲ့သူက ပြောပေ့ါ"

သူ့အမည်ကို ထည့်မပြော။ ရှင်ဟု နာမ်စားမသုံး။ မေ့နေသည်လည်း ဖြစ်နိုင်သည်။

"ကျွန်တော့်နာမည် အောင်ဇော်လို့ခေါ်ပါတယ်"

"ကျွန်မ မှတ်မိပါတယ် ကိုအောင်ဇော်ရယ်"

သူ မျက်ခုံးတစ်ချက်ပင့်သည်။

"ဒါဖြင့်လည်းဗျာ သံပြတ်ကြီးနဲ့ ဘာလို့ပြောနေရသေးတုံး"

"ဩော် . . ."

ခေါင်းတဆတ်ဆတ်ညိတ်သည်။ ထို့နောက် . . .

"နာမည်ထည့်ထည့်မပြောလို့ စိတ်တိုနေတယ်ပေါ့။ ခေါ်မယ်လေ။ တစ်ခါခေါ်ရင် ဘယ်လောက်လဲ"

"ခင်ဗျား တော်တော်ရယ်စရာ ပြောတတ်တယ်နော်။ ဟာဒယရှင်ဆေး အခန်းကနေ အသံလွှင့်ဖို့ကောင်းတယ်"

"ကောင်းသားပဲ ရှင့်ကို တစ်ဝက်ခွဲပေးရမှာပဲလေ။ ဟုတ်တယ် မဟုတ်လား"

နှစ်ယောက်ပြိုင်တူ တိုးတိုးသက်သာရယ်မိကြသည်။ အသံဆိတ်သွားသော်လည်း အရယ်နှုတ်ခမ်းတို့ ပြေလျော့သွားခြင်းမရှိသေး။ ထိုစဉ် ညိုညိုအောင် လမ်းလျှောက်ရင်း ပြောသည်။

"ကြွေးကျန်ဆပ်ဦးနော်"

သူ သတိရသည်။

"ကျွန်တော် မမေ့ပါဘူး။ လေတံခွန်ကေရီရယ်"

mgyoe.com

mgyoe.com

ထောင့်ချိုးရှိ ပန်းချီကားတွေကို ကြည်သာကြည့်သည်။ အာရုံမဝိတော့။

"ရှင် ကွင်းကို ရောက်သေးလား၊ စွန်လွှတ်ဖြစ်သေးလား"

"ကွင်းမှာက လူပါးသွားပြီလေ။ ကလေးတွေလောက်ပဲ တစ်ခါတလေ လာလွှတ်ကြတော့တယ်။ ဆောင်းပေါက်မှ သွားလွှတ်တော့မယ်"

"အမှန်က ရှင်ခုနေ သွားပြီး လေ့ကျင့်ခန်းယူနေသင့်တယ်။ ခုနေ မှုားရင် ရှင်ချည်းနိုင်မှာ သေချာတယ်"

ပြပွဲလာသူ ယခုထက်နည်းလျှင် လိပ်ခုံးအမိုးပွင့်ထွက်သွားအောင် ဟားတိုက်ပစ်လိုက်မိလိမ့်မည်။

"ဒီအသံ ဒီအပြောကြားချင်လို့ တောင့်တနေတုန်း ခုပဲ အဆင်သင့်သွားတော့တယ်"

နှုတ်ခမ်းကို လက်ကိုင်ပဝါဖြင့် ဖိကပ်ကာ ရယ်သံကိုအုပ်ထိန်းသည်။

"ဆောင်းပေါက်ရင် မှုားမလား"

"မှုားမှာပေါ့ ကိုအောင်ဇော်ရယ်။ စွန်အကောင်တစ်ထောင်လောက် ခုထဲက ဝယ်သိမ်းထား"

"ခင်ဗျားက ကျွန်တော့်ကို မှုားမှာနော်"

အဓိပ္ပာယ်တစ်မျိုးပေါက်အောင် ပြောမှန်း ညိုညိုအောင် သိသည်။ ခေါင်းခါပြသည်။

"ကျွန်မက ရှင့်စွန်ကိုဖြတ်ဖို့ စိန်ခေါ်တာ"

စကားအပြောအဆို အခင်းအကျင်းတတ်သော ညိုညိုအောင်။

"လောင်းကြေးပြောင်းရလိမ့်မယ် မညိုညိုအောင်"

ပန်းချီကားများမှ သူ့ထံသို့ အကြည့်တစ်ဖျုတ်ရောက်သည်။

"ဘာကြေးလဲ"

"ရှုံးတဲ့သူက နိုင်တဲ့သူကို ရည်းစားစာပေးကြေးဗျာ"

"အို. . ."

မျက်နှာနီမြန်းစွာ အိုသံ။ ထို့နောက် . . .

"ရှုံးရှုံးနိုင်နိုင် ရှင်နစ်နာမယ့်ဘက်ကချည်းပဲနော်"

သူ တစ်ချက်ပြုံးလေသည်။

"ဘာပဲဖြစ်ဖြစ်လေ ခင်ဗျား မလောင်းရဲဘူးမဟုတ်လား"

mgyoe.com

mgyoe.com

ပန်းချီကားကိုကြည့်နေသော ညိုညိုအောင့်မျက်နှာ ဆတ်ခနဲလှည့်လာသည်။ ဆံပင်တွေ လှုပ်ခါသွားသည်။

"ဆောင်းပေါက်မှ ပြိုင်ပွဲစမှာမဟုတ်လား။ စောပါသေးတယ်"

"ကျွန်တော်ကတော့ သတ္တိအပြည့်နဲ့ ရင်ဆိုင်မှာပဲ"

ကြိတ်၍ရယ်သည်။ အသံမကြားရ။

"ပြိုင်ပွဲဆိုတာ တစ်ဖက်လူရဲ့အရည်အချင်းကို အကဲခတ်ရဦးမယ်။ စွန်မျှားတဲ့ လက်ရည်လက်စွမ်း သိပ်နိမ့်နေရင် ပြိုင်ရတာ တစ်ဖက်စီးနင်းဖြစ်နေမှာစိုးလို့။ ဟုတ်တယ် မဟုတ်လား"

သူ့နည်းတူ မခံချင်စရာစကားပြောတတ်သူဟု သိရသည်။

"ရှင် ကြွေးကျန်သေးတယ်နော်"

"ခုနတုန်းက တစ်ခါပြောပြီးပါပြီ"

"ဒါဖြင့် . . .ရှင် ဒီနေ့ အဲဒီကြွေးဆပ်ရမယ်"

"ကျွန်တော် ဘယ်ကိုလိုက်ပို့ရမှာလဲ"

"ကားထဲမှာ ဓာတ်ဆီအပြည့်ရှိတယ်။ မကုန်မချင်း လျှောက်မောင်းရမယ်။ ဘယ်မှာမှ မရပ်ရဘူး"

"မီးပွိုင့်မှာဆိုရင်ကော"

"မရပ်ရဘူး"

"ဗျာ . . .ယာဉ်ထိန်းရဲက ဖမ်းမှာပေါ့"

"ဒါတော့ ရှင့်ကိစ္စပဲဟာ"

"ပြီးတော့ ကမ္ဘာအရပ်ရပ်မှာ လောင်စာပြဿနာတွေတက်နေတာပဲ မညိုညိုအောင်၊ လောင်စာချွေတာရင် ကောင်းမယ်"

"လောင်စာထက် ကတိက ပိုပြီးအရေးကြီးပါတယ်"

"ဟုတ်ကဲ့"

"ဒါဖြင့် သဘောတူတယ်ပေါ့"

သူ ခေါင်းညိတ်လိုက်သည်။

"ဒရိုင်ဘာ သော့။ ဟောဒီမယ်"

လှမ်းပေးသော သော့ကိုယူကာ တိုက်ပုံအင်္ကျီ အိတ်ထဲသို့ထည့်သည်။

"တစ်ခုတော့ရှိတယ်။ နှစ်နာရီလောက်မှာ အနုပညာအသင်းကို ကျွန်တော်

mgyoe.com

mgyoe.com

သွားစရာရှိတယ်။ သုံးနာရီလောက်ကျရင် ပါမောက္ခခေါ်ထားတယ်။ အဲဒီကိစ္စလေးတွေ ပြီးရင်တော့ ကျွန်တော်အားပါပြီ"

"အဲဒီအချိန်အတွက် ခဏအနားပေးမယ်။ ခုမှ ဆယ့်နှစ်နာရီတောင် မထိုးသေးတာ။ လောလောဆယ် ကျွန်မအိမ်ကို ခဏပြန်မယ် ဒရိုင်ဘာ"

* * *

ခြံတံခါးပိတ်ထား၍ ကျွန်တော်ကားဦးတည်ကာ ရပ်လိုက်သည်။ တံခါးဆင်းဖွင့်ရန် ကားပေါ်မှဆင်းမည်အပြုတွင် ညိုညိုအောင့်ကို မျက်နှာထားတည်တည်ဖြင့် လှည့်ကာ ပြောလိုက်သည်။

"တံခါးဆင်းဖွင့်ပေးစမ်းပါ။ ကားအထဲရောက်ရင် တံခါးကိုပြန်ပိတ်ထားနော်"

ရှတ်နောက်နောက်အပြောကြောင့် ရယ်ချင်ဟန်တူ၏။ ရယ်မည့်နှုတ်ခမ်းကို အားတင်းစေ့ထားမှန်း သိသာသည်။ တစ်စုံတစ်ရာပြောမည့်ဟန်ပြုသည်။ ပြောစရာ စကားရှာမတွေ့၍လား ပြောမရအောင် ရယ်ချင်၍လားမသိ။ မျက်နှာပြန်လွှဲသွားကာ ကားပေါ်မှ ဆင်း၏။ ဖျတ်လတ်သောလှုပ်ရှားမှုကို နောက်ကျောဘက်မှ လှမ်းကြည့်သည်။ သံတံခါး နှစ်ဖက်ဖွင့်အပြီးတွင် သူဘီးလိမ့်ရုံမောင်းဝင်သည်။ ညိုညိုအောင့်ဘေးမှ အဖြတ်တွင်

"ဩော် ဒရိုင်ဘာ ဂိုဒေါင်ထဲ သွားမထားနဲ့။ အိမ်ရှေ့မှာပဲ ရပ်ထားနော်"

ရိုကျိုးသောမျက်နှာဖြင့် သူခေါင်းညိတ်သည်။

"ဟုတ်ကဲ့ မမညို . . .ဧည့်သည်ပြန်ပို့ရမှာ ကျွန်တော်သိပါတယ်"

ကားကိုခေါင်းရင်းဘက် သစ်ပင်ရိပ်အောက်တွင်သွားရပ်ထားပြီး သူ ဆင်းသည်။ ညိုညိုအောင် သူ့ထံသို့ လျှောက်လာသည်။

"အိမ်မှာ ခဏထိုင်ပါဦး"

"ဒရိုင်ဘာဆိုတာ အိမ်အပြင်မှာ စောင့်နေရတာပဲဗျ"

ညိုညိုအောင်ပြုံးသည်။

"ဧည့်သည်ကို ဖိတ်တဲ့အနေနဲ့ ကျွန်မ ဖိတ်တာပါ"

"ခင်ဗျားမိဘတွေ အိမ်ထဲမှာ ရှိကြလား"

"မေမေရှိတယ်။ ဖေဖေက အလုပ်နဲ့ အပြင်သွားတယ် ဘာဖြစ်လို့လဲ"

ညိုညိုအောင့်ဘေးမှ လှမ်းလိုက်လာရင်း

mgyoe.com

mgyoe.com

"လေမမိခင် စွန်ဖြတ်တာကို တိုင်မှာလားလို့ တွေးလန့်လို့ပါ"

ခပ်တိုးတိုး တစ်ချက်ရယ်သည်။

"ရှင့်အပြစ် ရှင်မှတ်မိသားပဲ"

"အပြစ်မဟုတ်ပါဘူး။ ခင်ဗျား ကြိုမပြောထားလို့ဥစ္စာ"

"ရှင် ခုထိ ခေါင်းမာမာနဲ့ ငြင်းတုန်းပဲနော်"

"ကျွန်တော်မှန်တာကိုး"

"ကဲပါ . . . ဒရိုင်ဘာဘဝပြန်ရောက်မှ ငြင်း၊ ခု ဧည့်သည်အနေနဲ့တော့ မငြင်းချင်ပါနဲ့ဦးလေ"

သူ ခေါင်းညိတ်ကာ ဆင်ဝင်အောက်အရောက်တွင် ခြေစုံရပ်သည်။ မလှမ်းမီ

"မငြင်းရင် ခင်ဗျား စားစရာသောက်စရာတစ်ခုခု ကျွေးမယ်ပေါ့။ ဒီလိုသဘောလား"

"ထမင်းတော့ ကျန်ကောင်းပါရဲ့"

"ထမင်းချည်းကျွေးလည်း ရပါတယ်"

"ရှင့် တကယ်စားမှာလား"

"မနက်ကတည်းက ထမင်းမစားရသေးဘူး မမညိုရဲ့။ မဆာဘဲနဲ့တော့ ယောကျ်ားသနာ လူပျိုလေးတစ်ယောက်အနေနဲ့ ရှေ့မျက်နှာ နောက်ထားပြီး ဘယ်လာပြောနေပါ့မလဲဗျာ။ စဉ်းစားကြည့်ပါဦး"

"ရှင် ဇာတ်ထဲက လေအတိုင်းပဲ"

"ဒါတောင် မကရတာကြာလို့ နည်းနည်းမေ့နေတာ"

ကြေးခေါင်းလောင်းငယ်ကို အသာလှုပ်သည်။ တိုက်အတွင်းမှ ခြေသံကို ကြားသည်။ သံတံခါးရှေ့တွင် လာရပ်သော အမျိုးသမီးတစ်ယောက်ကို မြင်သည်။ နောက်တွင် ရပ်နေသော သူ့ထံသို့ လှမ်းကြည့်သည်။ သူ နေကာမျက်မှန်ချွတ်လိုက်ရင်း လှမ်းကြည့်သည်။ အသက်နှစ်ဆယ်သာသာမျှသာရှိလိမ့်မည်။ ဆံပင်ကုပ်ဝဲ၊ အသားဖြူဖြူ ပြည့်သော ကိုယ်နေကိုယ်ထည်။

"မေမေရော စုမာ"

"ရေချိုးနေတယ် ဆိုင်ကိုလိုက်သွားမလို့တဲ့"

သော့ဖွင့်ကာ တံခါးဆွဲဟသည်။ နှစ်ဖက်ကပ်သွားအောင် တွန်းဖွင့်သည်။

"သူက ကျွန်မ ညီမတစ်ဝမ်းကွဲ စုမာ။ ဒေသကောလိပ်ကျောင်းသူ။ ဒီနှစ်စတက်

mgyoe.com

mgyee.com

တယ်။ သူက ကိုအောင်ဇော်တဲ့ စုမာ။ ဝိဇ္ဇာသိပ္ပံအနုပညာအသင်းက။ ပထဝီဌာနမှာ မဟာဝိဇ္ဇာတက်နေတယ်"

"တွေ့ရတာ ဝမ်းသာပါတယ်"

စုမာက ပြုံး၍ပြောရင်း လမ်းဖယ်ပေးသည်။ ညီညီအောင့်နောက်မှ သူ လိုက်သွားသည်။ ဧည့်ခန်းထဲသို့ ရောက်သောအခါ

"ထိုင်ပါဦး"

သူ ထိုင်လိုက်စဉ် ညီညီအောင်က စုမာကိုမေးသည်။

"တို့ ထမင်းစားမလို့ စုမာ"

ညီညီအောင့်ကို လှည့်ကြည့်ကာ သူလက်တားရင်း

"ကျွန်တော် အလကားပြောတာပါ မမညီ။ ကျွန်တော် စားပြီးသားပါ"

ငြင်းသောစကားကြောင့် ဟုတ်ဟန်မတူ။ မမညီဟူသော အခေါ်အဝေါ်ကြောင့် ဖြစ်လိမ့်မည်။ စုမာ ပြုံးစေ့စေ့နှင့် ကြည့်သည်။ ညီညီအောင်က အခေါ်ကို သတိပြုမိဟန်တူ၏။

"ကိုအောင်ဇော်က အတာတို့ ညီညီတို့အစ်ကိုလေ။ အတာတို့ခေါ်သလို တို့ကို ခေါ်တာ"

"မစုမာ ကျွန်တော် ထမင်းစားပြီးပါပြီ။ ကျွန်တော် သူ့ကို အလကားပြောတာပါ။ ကော်ဖီလေး အအေးလောက်ဆိုတော်ပါပြီ"

"ခုမှ ရှက်မနေပါနဲ့ ကိုအောင်ဇော်ရယ်။ ကဲပါ စုမာရယ် ထမင်းသာပြင်လိုက်ပါ"

"မဟုတ်ဘူး မညီညီအောင်၊ ကျွန်တော် တကယ်စားပြီးသားပါ။ ကော်ဖီ တစ်ဂါလန်လောက် သောက်ရရင် မဆိုးပါဘူး"

စုမာနှင့် ညီညီအောင်ပြုံးသည်။

"ဒါဖြင့်လည်း ကော်ဖီပဲဖျော်၊ နေနေ ကော်ဖီ တို့ဖျော်လိုက်မယ်။ စုမာတို့အတွက် ထမင်းပဲ ပြင်ပေးတော့"

သူတို့နှစ်ယောက် ဧည့်ခန်းထဲမှ ထွက်သွားသည်။ အိုက်စပ်စပ် ကိုယ်ငွေ့သည် ယခုမှ အေးစပြုလာသည်။ ခြံထဲသို့ရောက်ခါစက အနေကျဉ်းကျပ်လွန်းသည်။ သိက္ခာမ်း ခဲ့ခြင်းမရှိခဲ့။ သူ၏အိမ်နှင့်မိသားစုကို မျက်နှာချင်းဆိုင်ရမည်မှာ အမ်းတမ်းတမ်း ဖြစ်နေသည်။ အပြင်မှာ ရွှတ်နောက်ချင် ရွှတ်နောက်မည်။ ပြောင်တောင်တောင်ပေါ့ဆဆ လုပ်ရဲသည်။ ထိုမှ အလေးအနက်အတည်အကြည် ဣန္ဒြေသမ္မတ္တိအဆင့်သို့ မသိမသာ ကူးပြောင်း

mgyee.com

mgyoe.com

လာသည်။ ညိုညိုအောင်သည် သူ အနေစိမ်းမည်။ စိတ်အခက်တွေ့မည် စိုးဟန်တူ၏။ ဒေါ်ဒေါ်လှတို့မိသားစု၏ ဆွေမျိုးဟု စုမာနှင့်မိတ်ဆက်ပေးခဲ့သည်။ အသက်ရှူချောင်လာသည်။ အတာတို့ ညိုညိုတို့၏ အမည်တို့သည် ညိုညိုအောင်၏ မိသားစုနှင့် သူ၏ အနေအထားကို တစ်နည်းတစ်လမ်းအားဖြင့် ရင်းနှီးစေသည်။

"ကော်ဖီသောက်ပါဦး"

ယွန်းဇုန်းထဲတွင် အစိမ်းရောင်မတ်ခွက်။ ကော်ဖီအပြည့်။ လက်ဖက်ရည် ပန်းကန်လုံးကို ပန်းကန်ပြားပေါ်တွင် မှောက်လျက်သား တင်ထားသည်။ မလေးရှား ဘီစကစ်များကို မုန့်ပြင်ပန်းကန်ပြားအမောက် ထည့်ထားသည်။ လက်သုတ်ပဝါကို ဇုန်းထောင့်တွင်ထားသည်။

"ကော်ဖီတစ်ဂါလန်တော့ ပြည့်မှာမဟုတ်ဘူး။ လေးငါးဆယ်ပက်တော့ ရှိလိမ့်မယ်"

သူ့စကား သူသဘောကျစွာ ပြုံးသည်။

"ကိစ္စမရှိပါဘူး ရပါတယ်။ မမညိုသော ထမင်းသွားစားပါ"

ခေါင်းညိတ်ကာ ခဏပါ။ မကြာပါဘူးဟု ပြောသည်။ ညိုညိုအောင် ဧည့်ခန်းထဲမှ ပြန်ထွက်သွားသည့် အချိန်တွင် မျက်လုံးသည် စန္ဒရားထားရာ နံရံတွင် ချိတ်ထားသည့် ဓာတ်ပုံသို့ရောက်သွားသည်။ ဆိုင်မှာ အလှရိုက်ထားသည့် ဓာတ်ပုံမဟုတ်။ တစ်နေရာရာတွင် တစ်ယောက်ယောက်က ရိုက်လိုက်သောဓာတ်ပုံကို ပုံကြီးချဲ့ထားသည်။ မျက်နှာခပ်ငုံ့ငုံ့။ ကင်မရာသို့ အာရုံပြုထားခြင်းမရှိသော သဏ္ဌာန်။ ဧည့်ခန်းထဲတွင် တစ်ခုတည်းသော ဓာတ်ပုံ။ ဓာတ်ပုံမှတစ်ပါး ပန်းချီကားပြက္ခဒိန်ချိတ်ထားခြင်းမရှိ။ ဧည့်ခန်း အဆင်အပြင်မှာ ရှင်းသည်။ သူတို့နည်းတူ ငွေကြေးကြွယ်ဝသော အချို့အိမ်မှာဆိုလျှင် ဧည့်ခန်းထဲတွင် ကြွေထည်ပစ္စည်းတွေ၊ ရေခဲသေတ္တာတွေ အနံ့ချထားလေ့ရှိသည်။ မီးဖိုဆောင်သုံးပစ္စည်းတွေကို ဧည့်ခန်းတွင် ပြပွဲခင်းကျင်းသကဲ့သို့ ပြထားတတ်သည်။ သည်ဧည့်ခန်းတွင် ဆိုဖာတစ်စုံ၊ စားပွဲတစ်လုံး၊ မတ်တတ်ပန်ကာဝတစ်လုံး၊ စာအုပ်ဗီရိုတစ်လုံးသာ ရှိသည်။

ညိုညိုအောင် ပြန်ရောက်လာချိန်တွင် သူ ကော်ဖီမသောက်သေး။

"ကော်ဖီတွေ အေးကုန်ပြီထင်တယ်။ ဘာလို့ မသောက်တာလဲ"

"သောက်မှာပေါ့။ အေးတော့မှ မတ်ခွက်နဲ့တစ်ခါတည်း ကုလားမော့ မော့လိုက်မယ်။ ဒါထက် မညိုညိုအောင် စပ်စုတာမဟုတ်ဘူးနော်။ သူဘယ်သူလဲဟင် ကျွန်တော် မြင်ဖူးတယ်ထင်တယ်"

mgyoe.com

mgyoe.com

သူ့လက်ညှိုးသည် ဓာတ်ပုံရှိရာသို့ ညွှန်းလိုက်သည်။ ညိုညိုအောင်၏ မျက်နှာသည် သိသာလွန်းစွာ ညှိုးကျသွားသည်။ မေးမိသည်မှာ မှားပြီဟု နောင်တရလိုက်သည်။

"အစ်ကို"

"ကိုခင်အောင်တင်ဆိုတာလား"

သူ့အစ်ကို၏အမည်ကို အောင်ဇော်ပြောကာ မေးသဖြင့် အံ့အားသင့်သွားသည်။

"အစ်ကိုဆုံးသွားတာ နှစ်နှစ်နဲ့ ခုနစ်လကျော်ပြီ"

"ဩော် . . ."

"မေမေ့ရှေ့မှာတော့ အစ်ကို့အကြောင်းမမေးဖို့ မပြောဖို့ ကျွန်မ တောင်းပန်ပါတယ်"

သူ ညိုညိုအောင့်စကားကို ခေါင်းတဆတ်ဆတ်ညိတ်ကာ

"ကျွန်တော် နားလည်ပါတယ်။ ခု မေးမိတာလည်း ဆောရီးဗျာ"

"ကိစ္စမရှိပါဘူး ကိုအောင်ဇော်"

ပြောရင်းနှင့် နောက်ဘက်သို့ လှူရိပ်လူခြည်အကဲခတ်သည်။ လေသံကိုနှိမ့်ကာ

"ကိုအောင်ဇော်"

"ဗျာ"

"မေမေ့ရှေ့မှာ မပြောမိပါစေနဲ့ရှင်"

သူခေါင်းညိတ်သည်။ မေးမိသည့်အတွက် သူစိတ်မကောင်းဖြစ်သွားသည်။ မိသားစု၏ စိတ်မချမ်းသာစရာအကြောင်းအရာကို အစဖော်ပေးသကဲ့သို့ ရှိသွားလေ၏။ ညိုညိုအောင်၏ ကြည်လင်သောမျက်လုံးအစုံသည် မှိုင်း၍နေ၏။ ရွှင်ပျသော မျက်နှာသည် နွမ်းနွမ်းနယ်နယ်။ ဆတ်တတ်တတ် ထန်တန်တန်နှုတ်ခမ်းသည် ကြေကွဲသောသဏ္ဍာန်ဖြင့် ရှိလာသည်။ မေးမိသည့်အတွက် သူ အားနာသည်။ မျက်နှာချင်းဆိုင်ထိုင်နေသော ညိုညိုအောင့်ထံသို့ မျက်လုံးမရောက်အောင် ကြိုးစားရလေသည်။ ထိုစဉ် ဘေးဘက်တွင် လှုပ်ရှားသောအရိပ်ကို မြင်သည်။ မျက်လုံးစွေ၍ ကြည့်လိုက်သည်။ အမျိုးသမီးကြီးတစ်ဦး။ သေးသေးသွယ်သွယ်။ အသားဖြူဖြူ။ သူ့ကို ကြည့်သည်။ မျက်ခုံးပါးပါး၊ မျက်ခွံမို့မို့။ ချိုသာသော မျက်နှာနေမျက်နှာထား။

"သူက ဒေါ်ဒေါ်လှရဲ့တူ၊ အတာတို့နဲ့ ညီအစ်ကိုလေ။ ကိုအောင်ဇော်တဲ့ မေမေ"

မတ်တတ်ရပ်လျက်နေသည်။ နှစ်နှစ်ကာကာပြုံးပြ၍ ခေါင်းညိတ်သည်။

"ကိုအောင်ဇော် ကျွန်မ မေမေ ဒေါ်သီသီတင်"

mgyoe.com

mgyoe.com

ချိတ်ထားသော ခြေကို ဖြုတ်ကာ အနေအထိုင် သူပြင်ရင်းပြုံးသည်။

"ထိုင်ပါကွယ် သက်သောင့်သက်သာနေပါ။ သမီးပြောလို့ မင်းနာမည်ကို ကြားဖူးပါတယ်။ ခုမှ ဒီကိုရောက်ဖူးတာထင်တယ်"

"ဟုတ်ကဲ့ ဒေါ်ဒေါ်"

နာမည်ကို ကြားဖူးပါသည်ဆိုသော စကားကြောင့်လား၊ လူကြီးသူကြီးရှေ့တွင် အနေခက်မြဲသော ဓလေ့ကြောင့်လားမသိ။ ပြောစရာစကား မဆက်တတ်။

"မခင်လှတို့ကတော့ မကြာခဏ လာတတ်ကြပါတယ်။ အတာတို့ ညိုညိုတို့လည်း နွေကျောင်းပိတ်ရင် ခဏခဏလာနေကြတယ်ကွယ့်။ သြော် . . .သမီးကလည်း ကော်ဖီတိုက်တာ မတ်ခွက်ကြီးနဲ့"

ယွန်းဗန်းကို လှမ်းကြည့်ကာ ညိုညိုအောင်ဘက်သို့ တစ်ဆက်တည်းပြောသည်။

"မဟုတ်ဘူး မေမေ။ သူက ကော်ဖီသမား။ တစ်ခွက်နဲ့ မလောက်ဘူး။ ဒါကြောင့် မို့ပါ"

ဒေါ်သီသီတင် ပြုံးသည်။

"သောက်ပါဦး မောင်အောင်ဇော်"

ညိုညိုအောင်က စားပွဲရှိရာသို့ ထလာသည်။ ပန်းကန်လုံးကိုယူကာ မတ်ခွက်ထဲမှ ငှဲ့ထည့်သည်။ ထို့နောက် ပန်းကန်ပြားပေါ်သို့ တင်ကာ သူ့ထံကမ်းသည်။ သူလှမ်းယူသည်။

"သမီး မေမေ့ကို ဆိုင်လိုက်ပို့နိုင်တယ်မဟုတ်လား"

"ပို့မယ်လေ ကိုအောင်ဇော်၊ ကျောင်းမှာ ဆင်းမယ်မဟုတ်လား"

ကော်ဖီကျိုက်နေ၍ ခေါင်းကိုသာညိတ်ပြလိုက်သည်။

"ကိုအောင်ဇော်က ကျောင်းမှာ မဟာဝိဇ္ဇာ ဆက်တက်နေတယ် မေမေရဲ့။ ကျောင်းသားပေါ့"

"ကောင်းတာပေါ့ကွယ်"

"မုန့်စားဦးလေ"

ညိုညိုအောင်က မုန့်ပန်းကန်ကို သူ့ရှေ့သို့ ရွှေ့ပေးပြီး ပြန်ထိုင်သည်။ ဒေါ်သီသီတင်က "မြန်းဖြည်းသောက်ပါ။ မုန့်လည်းစားပါဦး" ဟု ပြောကာ အိမ်အတွင်းခန်းဘက်သို့ ထွက်သွားသည်။ မုန့်တစ်ချပ် ယူစားရင်း . . .

"ဒေါ်ဒေါ်က စိတ်ရှည်သဘောကောင်းပုံရတယ်"

mgyoe.com

mgyoe.com

"သူ့သမီးစွန်ကို မတရားဖြတ်ရင်တော့ စိတ်ဆိုးတတ်တယ်"

ကော်ဖီ သီးလုသီးခင်ဖြစ်သွားသည်။ ချောင်းတဟွတ်ဟွတ်ဆိုးသံနှင့် ရယ်သံရောကာ သူ့မျက်နှာနီမြန်းလာသည်။ နှာခေါင်းနှင့် အာခေါင်ထဲတွင် ဆိုးရှားစွာဖြစ်သည်။ ကော်ဖီပန်းကန်ကို ကမန်းကတန်းချကာ ကိုက်ထားလက်စ မုန့်ကို ပန်းကန်ထဲသို့ ပြန်ထည့်လိုက်ရသည်။ လက်ဝါးနှစ်ဖက်ဖြင့် ပါးစပ်ကိုအုပ်ကာ လည်ချောင်းရှင်းယူရသည်။ ထိုစဉ် "ရှင် ဒီလောက်အရယ်သန်မှန်းမသိလို့ ပြောမိတာ ဆောရီး . . . ဆောရီး"ဟု ညိုညို အောင် တောင်းပန်သည်။ လက်သုတ်ပဝါကိုယူကာ နှုတ်ခမ်းသုတ်သည်။ ပြန်မပြော နိုင်သေး။ နှာခေါင်းတစ်ချက် ရှုပ်လိုက်တော့မှ အနေရ သက်သာလာသည်။

"ခင်ဗျား အဲသလောက် ပေါက်တတ်ကရ ပြောတတ်မယ်မထင်လို့"

သူ့ကိုကြည့်ကာ တိုးတိုးသက်သက် ရယ်လျက်ရှိလေသည်။

■

mgyoe.com

mgyoe.com

# [ ၇ ]

သုံးနာရီခွဲပြီးသောအခါ ပတ္တလားခန်းထဲတွင် လေ့ကျင့်နေသူ ကျောင်းသား နှစ်ယောက်သာ ရှိတော့သည်။ ခဏအကြာတွင် ပြန်သွားကြသည်။ တံခါးရွက် သုံးလေး ရွက်ရှိ တရုတ်ကပ်တွေကို အောင်ကိုက လျှောက်ဖွင့်သည်။ ကြိမ်ကုလားထိုင် နှစ်လုံးတွင် ကပ်လျက်ထိုင်နေသူ ခင်ထွေးလှိုင်က ချိုသက်ကို "ခုမှပဲ လေလေးဘာလေးဝင်လို့ အအိုက် သက်သာတော့တယ်နော်"ဟု ပခုံးဖက်ကာ ပြောသည်။ "ဟုတ်တယ် တော်တော် အိုက်တာပဲ။ စောစောကဖွင့်မလို့ ပတ္တလားတီးနေတဲ့သူ အနှောင့်အယှက်ဖြစ်မှာစိုးလို့" ဟု ချိုသက်ပြန်ပြောသည်။ အဆိုအတီး လေ့ကျင့်နေစဉ် အခန်းတံခါးများရှိ တရုတ် ကပ်ကို ပိတ်ထားလေ့ရှိသည်။ အနုပညာအသင်း အဆောက်အဦက တသီးတသန့်မဟုတ်။ ရန်ကုန်တက္ကသိုလ်တွင် အဲ့ဒြနှစ်ပါးရှိသည်။ ပထမအဲ့ဖွယ်မှာ အသင်းသက်တမ်း ငါးဆယ်ကျော် ကြာမြင့်လာခဲ့သော်လည်း ကိုယ်ပိုင်အဆောက်အဦမရှိသော မြန်မာနိုင်ငံ သုတေသနအသင်းဖြစ်သည်။ အသင်းတွင် ငွေအထိုက်အလျောက်ရှိသည်။ အဆောက် အဦတစ်ခု ဆောက်မည်ဆိုက ဆောက်လောက်သည်။ ဆောက်ခဲ့လျှင် အသင်း၏ရန်ပုံငွေ၊ ထုတ်ဝေရေးလုပ်ငန်းအဝဝ ရပ်တန့်ကာ အသင်းခန္ဓာပျက်ချေလိမ့်မည်။ ဒုတိယအံ့ဖွယ်မှာ ထိုအသင်း၏ အသက်ထက်ဝက်မျှ အရွယ်ရောက်ခဲ့သော အနုပညာအသင်း။ ဝါးထရံ သစ်သားတဲတစ်လုံးသာသာ ဆောက်မည်ဆိုကဆောက်နိုင်သော ရန်ပုံငွေ ရှိတော့ရှိ၏။

mgyoe.com

mgyoe.com

ဆောက်လိုက်ပါက အသင်းပိုင်စန္ဒရားကြီးညှိရန်ပင် ပိုက်ဆံရှိတော့ မည်မဟုတ်။ ထိုညီနောင် အသင်းနှစ်သင်းကား လှူဒါန်းသူမဲ့ ကံဆိုးရှာကြလေ၏။ နောင်တော် အသင်းသည် ဗဟိုစာကြည့်တိုက်အောက်ထပ်တွင် ကပ်ရပ်နေ၏။ ညီဖြစ်သူသည် အစ်ကိုနှင့် မျက်နှာချင်းဆိုင် အပန်းဖြေရိပ်သာ၏ အနောက်ဘက်အဆောင်တွင် နေရရှာလေ၏။ နောင်တော်ပိုင် မှန်စီရွှေချ ဆိုင်းဝိုင်းကို ညီဖြစ်သူအား ရာသက်ပန် ငှားထားရှလေသည်။ ထိုဆိုင်းထားရာ ပတ္တလားနှင့် စောင်းလေ့ကျင့်ရာ အခန်းတို့၏တောင်ဘက်နှင့် အနောက်ဘက်တံခါးတို့သည် တံခါးလည်းတံခါး။ တရုတ်ကပ် အပြည့်တပ်ထားသော တံခါးတရုတ်ကပ်များ။ လေကောင်းလေသန့်နှင့်အလင်းရောင်ရရန် တရုတ်ကပ်ဖွင့်ထားလျှင် အပန်းဖြေရိပ်သာ တောင်ဘက် တံစက်မြိတ်စွန်း စကြံလူသွားလမ်း။ ကျောင်းသူကျောင်းသား အမှုထမ်းများမပြတ်သွားလာနေသည်။ လမ်းသွားလမ်းလာ အသံများ၊ အလှုပ်အရှားအရပ်အကြည့်များကြောင့် လေ့ကျင့်တီးခတ်သူအတွက် အာရုံပြားစေနိုင်သည်။

"ကိုအောင်ဇော် မပြန်သေးဘူးမဟုတ်လား"

"မပြန်သေးပါဘူး ကိုအောင်ကို။ ဘာဖြစ်လို့လဲ"

"ကိုတင်ဝင်းတို့နဲ့ တွေ့ဦးမယ်မဟုတ်လား"

သူ ခေါင်းညိတ်ပြသည်။

"ကိုအောင်ဇော် အစ်ကိုစောတို့နဲ့ တွေ့ပြီးပြီလား"

ခင်ထွေးလှိုင် မေးသည်။ သူ လှမ်းကြည့်သည်။

"နေမကောင်းလို့ သုံးနာရီခွဲလောက်က ပြန်သွားတယ်ဆို။ မတွေ့လိုက်ရဘူး။ ဘာဖြစ်လို့လဲ"

"ဒီဇင်ဘာထဲမှာ သင်တန်းဆင်းပွဲနဲ့ ဂီတပြိုင်ပွဲလုပ်မယ်တဲ့။ သိပြီးပြီမဟုတ်လား"

သူမသိသေး။ တစ်ပတ်ဆယ်ရက်မျှ ကင်းကွာသွားခဲ့သည်။ ထိုရက်ပိုင်းအတွင်း ဖြစ်ပေါ်လာသော အစီအစဉ်ဖြစ်ဟန်တူသည်။ အောင်ကိုက တိုက်ပုံအကျီချွတ်ရင်း . .

"ကိုအောင်ဇော် သိပြီးပြီမှတ်တာ"

"ကျွန်တော် ဒီဘက်ကို အရောက်နည်းနည်းပါးသွားလို့ မသိလိုက်တာပါ။ ဘယ်တော့လောက်လဲ"

"လလယ်လောက်ဖြစ်မလား။ လကုန်ဖြစ်မလားတော့ မသေချာသေးဘူးဗျ"

"လိုတော့ လိုပါသေးတယ်လေ။ နှစ်လကျော် . . . ဆိုပါတော့။ နှစ်လ။ တခြား

mgyoe.com

ဘာအစီအစဉ်တွေ ထည့်ဦးမလဲ။ ညှော့်ခံဖျော်ဖြေရေးလေးတော့ ထည့်မယ် စိတ်ကူး ကြတယ် ထင်တယ်"

အောင်ကို ခေါင်းညိတ်သည်။ ထို့နောက်

"ကိုအောင်ဇော် ဘာစိတ်ကူးထားတာရှိလို့လဲ"

"မရှိပါဘူး ခုဟာကတော့ သင်တန်းဆင်းနဲ့ပြိုင်ပွဲဆိုတော့ ကျွန်တော်တို့က လျှော့ထားရမယ်လေ။ မသကာဖြည့်ပေးတာလေး အငြိုးပြေလောက် တကယ် စိတ်ရှိ တာက ကပွဲကြီး"

ခင်ထွေးလှိုင်က

"ဟုတ်တယ်နော် ကပွဲကြီးတစ်ပွဲလောက် စီစဉ်ရရင် ကောင်းမယ်"

"ဗမာပြည်အလယ်ပိုင်းလျှောက်ကပြီးတဲ့နောက် မလှုပ်ရှားရတာ တစ်နှစ်ပြည့် တော့မယ်"

ခင်ထွေးလှိုင်၏ စကားကို ချိုသက်က ထောက်ခံကာ ညည်းပြောပြောသည်။

"တစ်ခါတလေ ဇာတ်လေးဘာလေးတိုက်ပြီး အခန်းထဲမှာတင် ပြဇာတ်ကရရင် မကောင်းဘူးလား"

ခင်ထွေးလှိုင်က ရယ်မောရင်းပြောသည်။

"ဟုတ်တယ်နော် . . . ဒါဆို လေ့ကျင့်နေတာနဲ့ အတူတူပဲ"

ချိုသက်က ပတ္တလားရွက်ကို လက်ခလယ်ဖြင့် ခေါက်ရင်းပြောသည်။

"ဟိုတုန်းက ကခဲ့တဲ့ တောမှော်ရုံရဲ့ အလွမ်းသမားကို နည်းနည်းပါးပါး ပြန်ပြင် ပြီး ပြဇာတ်ကြီးအဖြစ်နဲ့ကရင် ကောင်းမလားတောင် တွေးမိတယ်"

"ဟုတ်တယ် ကိုအောင်ကို့စိတ်ကူး တကယ်ကောင်းတယ်။ ဟိုတုန်းက နာရီဝက် ကျော်ကျော်ပြဇာတ်လေး။ နှစ်နာရီဇာတ်ကြီးဆိုရင် ကြိုက်ကြမှာပဲ။ ချိုသက် ပြန်မက ချင်ဘူးလား။ အဲဒီတုန်းက မင်းသားက ကိုမြသန်းမဟုတ်လား။ ခု လာတာပြုတာတောင် မတွေ့ဘူး"

ခင်ထွေးလှိုင်ကို အောင်ဇော်ပြောသည်။

"ကိုမြသန်းက အမျိုးသားမော်ကွန်းမှာ သူငယ်ချင်းလုပ်တဲ့သူနေရာက ကတဲ့ ကိုကျော်ကျော်က သက်န်းဝတ်သွားပြီ"

ချိုသက်က အံ့အားတသင့်နှင့်

"ဟုတ်လား ပတ္တလားတီးတဲ့ ကိုကျော်ကျော်လေ"

mgyoe.com

အောင်ကိုက
"ဟုတ်တယ် အဲဒီကိုကျော်ကျော် သက်န်းဝတ်သွားတာမှ တစ်ဝါနှစ်ဝါမဟုတ်ဘူး။ ရာသက်ပန်"

"သြော် . . .ကျွန်မ မသိလိုက်ဘူး။ ကျွန်မ အနုပညာအသင်းရောက်တော့ သူတို့က ကျောင်းက ထွက်သွားကုန်ကြပြီ။ အသင်းကိုဝင်ထွက်နေတဲ့ အသင်းသားဟောင်းတွေ။ ကိုညီညီနဲ့ပတ်သက်ပြီး သူတို့နဲ့သိကြတာ။ ကိုညီညီက တိုက်ပွဲမှာ ကျသွားပြီလေ။ တောမှော်ရုံရဲ့ အလွမ်းသမားကို သူတို့ကတာ ကျွန်မကြည့်ဖူးတယ်"

"အဲဒီပြဇာတ်ကို ကိုမြသန်းတို့၊ ကိုကျော်ကျော်တို့၊ မထားအိတို့နဲ့ အရင်ဆုံး ကခဲ့ကြတာ"

အောင်ကိုပြောပြသည်။

"အဲဒီပြဇာတ်ကိုပြောရင် စင်နောက်က ရန်ပွဲကို သတိမရမိဘူးလား ချိုသက်"

ခင်ထွေးလှိုင်က ပြုံးစေ့စေ့မျက်နှာဖြင့် ပြောသည်။ အမှတ်မထင် ကြားရသောစကားဖြစ်သော်လည်း စိတ်ဝင်စားစရာဟု ထင်သည်။ ချိုသက်က ပြုံးသည်။ ထိုအပြုံးသည် ကြည်လင်သောအပြုံးမဟုတ်။ အမှတ်သညာကြီးစွာ နာကျင်ထားသော အကြောင်းအရာကို ပြန်လည်သတိရစဉ် ပြုံးတတ်သောအပြုံးမျိုး။

"အသည်းပေါက်လောက်အောင် နာကြည်းထားရတာဘယ်မေ့ပါ့မလဲ ခင်ထွေးလှိုင်ရယ်"

ချိုသက်၏ ကိုယ်ရေးကိုယ်တာဖြစ်နေသည်။ နားထောင်နေရအခက် မနေရအခက်ဖြစ်လာသည်။ သူတစ်ပါး၏ ပုဂ္ဂလိကကိစ္စ၊ အချစ်ကိစ္စတွေ ဘာတွေဖြစ်မှာပါပဲဟု အောက်မေ့သည်။

"သက်သက်မဲ့ အစွပ်စွဲခံရတာ"

ချိုသက်၏အသံသည် လတ်တလော ခံစားနေရသကဲ့သို့ ရှိလေသည်။

"မိန်းကလေးဖြစ်ရတာ တစ်ခါတလေ တစ်ပန်းရှုံးတယ်။ တစ်ဖက်သတ် ကြိုက်နေတဲ့သူရှိလာရင် ပိုဆိုးတယ်။ အဲဒီသူ သူ့ဟာသူတေပေနေလည်း တစ်ဖက်ကို အသည်းမာသလေး၊ မကြင်နာသလေးအဆိုခံရတယ်။ သူ့ဟာသူ ပေါက်တတ်ကရ၊ လျှောက်လုပ်သွားလည်း ဒီဘက်လာထိတာပဲ။ အသည်းစားသလေး၊ ကလီစာစားသလေး သတင်းလွှင့်သူက လွှင့်သေး။ ပြောရတာ မကောင်းပါဘူး"

ချိုသက်၏မျက်နှာထားသည် ပြောရင်းနှင့် ပြောင်းလဲလာ၏။ မာကျောသော

mgyee.com

mgyoe.com

မျက်နှာ ကိုသတိပြုမိသည်။ အောင်ကို ဘာသဘောကျသည်မသိ။ ပြုံး၏။ ထို့နောက်

"ငါတို့ မပါပါဘူးနော် ချိုသက်"

စိတ်ပြေစရာ စကားပြောသည်။ ချိုသက်ပြုံးသည်။ မပီမသ။

"တို့ အစပြန်ဖော်ပေးမိတာနဲ့ ချိုသက် ဒေါကန်ရပြီ"

"မကန်ပါဘူး"

ချိုသက်၏လေသံမှာ မကျေနပ်သော အငွေ့ ပါဝင်နေသည်။

"မကန်ရင်လည်း ဘောလုံးကွင်းထဲက ထွက်ဗျာ"

အောင်ကို၏ပြက်လုံးကြောင့် ချိုသက် မရယ်ဘဲမနေနိုင်။ ကျော်ထော်ကျော်နောက်ခံ အဖြစ်အပျက်ကို မသိသောကြောင့် သူရယ်သာရယ်ရသည်။ နားမလည်။ သူ့ကိုအောင်ကိုနှင့် ခင်ထွေးလှိုင်က ကြည့်ကာ ရယ်နေကြသည်။

"ဘုမသိဘမသိနဲ့ ရယ်နေရတယ်မဟုတ်လား။ ကိစ္စမရှိဘူး။ ရယ်သာရယ် အသက်ရှည်တယ်"

အောင်ကိုက ရယ်သံဖြင့်ပြောသည်။

"ကံကောင်းလို့ လူသတ်မှုနဲ့ တရားစွဲမခံရတယ်"

ချိုသက်က ရယ်ရင်းပြောသည်။

"လူသတ်မှုမဟုတ်ဘူး။ အသည်းသတ်မှု။ စိတ်မကောင်းစရာက ချိုသက်ကို ဗိုလ်ထိုက်ဆွေအထင်မှားသွားတာပဲ"

မကြားဖူးသော အမည်တစ်ခု။ သူ ထသွားရ ကောင်းမည်လား။ ဆေးလိပ်သွားဝယ်သယောင်ယောင် အကြောင်းတစ်ခုခုပြကာ အခန်းအပြင်ထွက်သွားရန် စိတ်ကူး သည်။ သို့သော် ချိုသက်အဖို့ မထူးခြားစွာရှိသည်။ လျှို့ဝှက်ထားစရာဟု သဘော ထားပုံမရှိ။ ညီအစ်ကို မောင်နှမ မိသားစုကြားတွင် စကားပြောနေသကဲ့သို့။

"သူက ဟိုအမျိုးသမီးစကားကို ပိုပြီးယုံတာကိုး။ ယုံပေါ့။ အယုံလွယ်တဲ့ ယောကျ်ားတစ်ယောက်နဲ့ စောစောစီးစီးလမ်းခွဲလိုက်ရတာ ကောင်းပါတယ်"

ချိုသက်တွင် ခက်ထန်သောမျက်နှာထားမရှိတော့။ လေသံပျော့ပျောင်းသော်လည်း ခံပြင်းသည့်မျက်လုံးကို လှစ်ခနဲ မြင်မိ၏။

"ဟုတ်တာပေါ့ မြေးတွေ မြစ်တွေရမှဆို စိတ်ပိုညစ်ရမှာ"

ခင်ထွေးလှိုင်က ရယ်စရာပြောသည်။ စိတ်ပြေစရာ ကြံဖန်ပြောနေမှန်း ချိုသက် ကိုယ်တိုင် သိဟန်တူသည်။

mgyoe.com

mgyoe.com

"အဲဒါတွေ မပြောပါနဲ့တော့လေ။ ကော်ဖီသွားသောက်ရအောင်"

အောင်ကိုက စကားစဖြတ်ချသည်။ သူက ကောင်းတယ်။ ကျွန်တော်လည်း ဆာနေတာပဲဟု ပြောသည်။ ခင်ထွေးလှိုင်က ကျွန်မမှာ ပိုက်ဆံမရှိတော့ဘူး။ အပြန် လမ်းစရိတ်ပဲ ကျန်တော့တယ်ဟုပြောသည်။ ချိုသက်က တို့မှာ ပါပါတယ်ဟု ပြော သည်။

■

mgyoe.com